

# ဝင်းပြုံးမြင့်

ဘယ် ... ဘယ်ကို ...

**ဘယ်ကိုရယ်ခဲ့ ... ရင်ကိုခွဲလို့ ...**

# ဘယ် ... ဘယ်ကို ... ဘယ်ကိုရယ်ခွဲ ... ရင်ကိုခွဲလို့
## ဝင့်ပြုံးမြင့်

ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ကောင်များနှင့်

ဝတ္ထုပါ အကြောင်းအရာများသည်

စာရေးသူ၏ စိတ်ကူးယဉ်မှု သက်သက်သာဖြစ်သည်။

တိုက်ဆိုင်မှုရှိခဲ့လျှင် ရည်ရွယ်ချက် အလျှင်းမရှိပါကြောင်း။

## အခန်း - ၁

"ရွှေကိုလိုရင် ဈေးကိုသွားပါ ... ငွေကိုလိုရင် ဈေးကိုသွားပါ ... ရွှေကိုလိုရင် ဈေးကိုသွားပါ ... ငွေကိုလိုရင် ဈေးကိုသွားပါ ... သွားပါ ..."

ငြိမ့်ငြိမ့်ညောင်းညောင်းနှင့် သံရှည်ဆွဲ ချော့မြှူနေသော တေးသံ၊ ဆိုင်းသံ အယိုင်တီး။ ခလုတ်ဖွင့်လိုက်သည်နှင့် မီးလင်းသွားသကဲ့သို့ တေးသံနှင့် သောတာရုံအထိတွင် အေးသီတာသည် အိပ်ရာထဲမှ ငေါက်ခနဲ ထအပြီး ဖြစ်၏။ ဘာလိုလိုနှင့် တစ်မိုးသောက်ပေပြီ။ နေ့သစ်၏ အဦးအစကို အမေကြီးနတ်ချော့တေးက ဖွင့်လှစ်ပေးလိုက်ပြီမို့ အေးသီတာသည် ခြင်ထောင်ထဲမှ ကပျာကယာ ထွက်လာပြီး အိပ်ခန်းပြတင်းကို ဖွင့်သည်။ သည်ကနေ့ နေပွင့်ဖို့သာပင်။ ခြံစည်းရိုး ပင်တွေကြားထဲ ညှပ်စိုက်ထားသော ခံပန်းပင်တွင် အသီးများပြွတ်ခဲ နီရဲနေသည်။ အပွင့်ဖြူဖြူ အရိုးနီနီ ခံပန်းတစ်ဆုပ်ကို ပြတင်းမှ လက်ထုတ်ကာ လှမ်းခူးသည်။ မမွှေးသော ပန်းလေးဖြစ်ငြား အေးသီတာကတော့ ပန်းမြင်လျှင် နမ်းရှိုက်ကြည့်မြဲ။

"တစ်မြေပြင်နယ်တွင် သျှမ်းနဲ့ ... စံနန်းပျော်ပါ ... ရေယဉ်နန်းနဲ့ ... စံခန်းပေါ်မှာ ... ပျော်ခါသာ ဆုတောင်း ... သားရင်နှစ်မသွေခင်ကို ... အမေရေယဉ် ကြွလှမ်းပျော်ပ့ါ ဘုရား"

ခေါင်းရင်းအိမ်မှ ကက်ဆက်သံ လွင့်ဝဲလာနေဆဲ။ အေးသီတာသည် ခြင်ထောင်သိမ်း၊ စောင်ခေါက်၊ အဝတ်ဟောင်းများ သိမ်းဆည်းပြီးသည်နှင့် အိမ်နောက်ဖေး ရေကပြင်ပေါ် တက်လာကာ မျက်နှာသစ်၊ သွားတိုက်စသော တစ်ကိုယ်ရေ သန့်ရှင်းရေးကို သွက်သွက်လုပ်သည်။ ထို့နောက် အခန်းထဲ ပြန်ဝင်လာပြီး ကွပ်ပျစ်ခေါင်းရင်းတွင် ချိတ်ထားသော သော့ကိုယူကာ အိမ်မကြီး၏ နောက်ဖေးသံတံခါးကို သော့ဖွင့်သည်။ တံခါးသည် သံပန်းတံခါး မဟုတ်။ သံတိုင်များ ထည့်သွင်းထားသော သစ်သားတံခါးဖြစ်၏။

နောက်ဖေးတံခါးမှ ဝင်ဝင်ချင်း မီးဖိုချောင်ထဲ ရောက်သည်။ အေးသီတာတို့ မောင်နှမက အိမ်မကြီးထဲတွင် မနေ။ အိမ်မကြီး၏ နောက်ဘက်မှ တန်းလျားတွင်သာ နေကြသည်။ အေးသီတာသည် ထမင်းပေါင်းအိုးထဲကြည့်ရာ ထမင်းလက်ကျန် မရှိ။ သို့နှင့် ရေနွေးအိုး တည်ထားကာ အိမ်ရှေ့ဧည့်ခန်းထဲ ဝင်လာခဲ့သည်။ မနက်တိုင်း ဧည့်ခန်းကို သရမည်မှာ အေးသီတာ၏ တာဝန်။ ဤအိမ်ကို ရောက်စက ဧည့်ခန်းသည် အေးသီတာနှင့် မတန်လွန်းသလို ရှိနေခဲ့သည်။ သူစိမ်းတစ်ရံဆံ နေခဲ့သည်။ ခုတော့လည်း ...

မှန်ဗီရိုကို ကြက်မွေးလေးဖြင့် ဖုန်ခါရင်း ဗီရိုထဲ ထည့်ထားသော ပစ္စည်းများကို အေးသီတာ စေ့ငုနေသည်။ မှန်ဗီရိုထဲတွင် ပုတီးကုံးလေး နှစ်ကုံး။ ကြေးဝါ လင်ပန်းလေးပေါ် ဂွမ်းနုနုလေးများခံကာ တစ်ကုံးချင်းစီ အခွေလိုက် ထည့်ထားသည်။ တစ်ကုံးသည် မည်းနက် ပြောင်ချောနေသော "ကျွန်းနက်" ပုတီး။ နောက်တစ်ကုံးသည် "ပိတောက်နက်" ပုတီး "ကျွန်း

နက်" ပုတီး၏ ပုတီးစေ့များသည် လုံးလုံးဝန်းဝန်းရှိသော သာမန်ပုတီးစေ့များသာ ဖြစ်၏။ "ပိတောက်နက်" ပုတီး၏ ပုတီးစေ့များကမူ အနုပညာလက်ရာပါသည်။ ပုတီးစေ့များကို သေချာကြည့်လျှင် ပိတုန်းရုပ်လေး ဖြစ်နေသည်။

မှန်ဗီရိုထဲတွင် အခြားတန်ကြေးကြီး ပစ္စည်းများလည်း ရှိသေးသည်။ မဟုတ်သေး၊ ရောင်းလိုက်မှ တန်ကြေးကြီးသွားမည့် ပစ္စည်းများ ရှိနေသည်။ ယင်းပစ္စည်းများကို သော့ပါသော ယွန်းဘူးလေးများဖြင့် အစီအရီထည့်ထားသည်။ ရွှေရေးခြယ်ထားသော ယွန်းဘူးများသည် အရွယ်အစားမျိုးစုံ၊ ပုံစံမျိုးစုံ။ ပစ္စည်းများကို ဦးလေးသည် လူမြင်သူမြင် မခံပေ။ ယွန်းဘူးထဲ ထည့်ပြီးသော့ သေချာခတ်ထားရသည်။ ပစ္စည်းကို ကိုယ်တိုင်တန်ဖိုးထားခြင်း မျိုးလည်း မဟုတ်ပြန်။ ကိုယ်တိုင်သာ တန်ဖိုးထားလျှင် ယခုလိုမှန်ဗီရိုထဲ ထည့်ထားမလား။ အခန်းထောင့်မှ မီးခံသေတ္တာထဲ ထည့်ထားမလား။ ရှင်းရှင်းလေးဖြစ်၏။

ယနေ့ ဝယ်သူလာမည်ဟု ဦးလေးဦးအောင်ကိုဆန်း ပြောပြထားသည်။ သို့ဖြင့် အေးသီတာသည် ဃေးဝိုင်မနေတော့ဘဲ ဧည့်ခန်းတွင်းမှ ပရိဘောဂများကို ကြက်မွေးတစ်ချောင်းဖြင့် ခပ်သွက်သွက်လေး ဖုန်သုတ်သည်။ ထို့နောက် ဖိတ်ဖိတ်တောက်ပြီးသား ပါကေးခင်းကြမ်းကို ကြက်မွေးလှည်းသည်။ ခြေသုတ်ဖုံကို အိမ်ပြင်ထုတ်ပြီး ဖုန်ခါစဉ် ဧည့်ခန်းထဲ ဖုန်တွေပြန်မဝင် စေရအောင် သတိထားသည်။

လှည်းကျင်းရေးကိစ္စ ပြီးသောခါမှ ဧည့်ခန်းခေါင်းရင်းရှိ အမေကြီး နတ်နန်းဆီသွားပြီး ဒူးတုပ်ပျပ်ဝပ် ရှိခိုးသည်။ အမေကြီးပုံတော်ကို အေးသီတာ ချစ်ကြည်ညိုစွာ တစိမ့်စိမ့်ဖူးသည်။ အမေကြီးဆိုသည်မှာ "အမေရေယဉ်"။ တစ်နည်းအားဖြင့် မြန်မာပြည်တစ်ဝန်း ကေန် ကျော်ကြားလှသော

"အနောက် မယ်တော်ကြီး"။ အမေ့ပုံတော်ပွားသည် တစ်မိုက်ခန့်သာရှိသော ယမနေသားဖြစ်၏။ ပဝါအနက် ခြုံပေးထားသည်။ အမေ့လက်ထဲမှ ဓား သည်ရွှေရောင်၊ ဘေးမှ ကျားရုပ်၏ မျက်လုံးနှစ်လုံးသည် ပတ္တမြား အစစ်မို့ မီးဝင်းဝင်း တောက်လျက်။ အမေ့ဦးခေါင်းထက်တွင် မြွေနဂါးတစ်ကောင် ပါးပျဉ်းထောင်လျက်။ အမေ့ဟန်သည် မာန်ပါလှသည်။ ကျားကိုစီးကာ၊ မြွေကိုကစားကာ၊ ဓားကို ထမ်းလျက်၊ တစ်ကိုယ်လုံး အနက်နှင့် ကဝေအတတ် ကဝေတန်ခိုး တောက်စားလှသည့် ရေယဉ်ကတော်။ ဓားပိုင်၊ ကျားပိုင်၊ မြွေပိုင်၊ မီးပိုင်ဟု ကျော်ကြားလှသော အမေကြီး ရေယဉ်တည့်မှ ... အနောက်မယ်တော် ...။

"အမေ ... သမီးကို ပစ်မထားပါနဲ့။ သူများတွေကို ကယ်သလို သမီးကိုလည်း ကယ်ပါအမေ"

အေးသီတာသည် ပါးစပ်လေး တလှုပ်လှုပ်နှင့် အမေ့ကို ဂျိကျသည်။ အမေကြီးစင်ပေါ်ကို ကြည့်ပါဦး၊ စင်ထက်တွင် ပွဲတစ်ပွဲပေးထားသည်။ အုန်းသီး တစ်လုံး ငှက်ပျောသီး နှစ်ဖီးဆိုင်၊ ကွမ်းယာ၊ လက်ဖက်နှင့် ဖောင်းတော် အနက်။ မယ်တော်လေးပါးပွဲဆိုလျှင် ဖောင်းတော်အနီအဖြူ မထိုးရဟု ဦးလေး ပြောပြထားသည်။ ပန်းအိုးများထဲမှ အောင်သပြေညွန့်နှင့် နှင်းဆီ ပန်းတွေကတော့ သိပ်မလန်းချင်။ အေးသီတာသည် ပန်းအိုးလဲရန် ပန်းအိုး များကို မီးဖိုထဲ ယူသွားသည်။ မီးဖိုချောင်နှင့် ကပ်လျက်တွင် တံခါးကို အပြာရောင်ဆေး သုတ်ထားသော စတိုခန်းတစ်ခန်း။

အေးသီတာသည် ရေဇလုံထဲမှ အောင်သပြေခက်များကို ကိုးညွန့်တိတိ ရွေးခြယ်လိုက်ကာ အရွက်အစိမ်းရင့်များကို ခြွေချသည်။ သပြေညွန့်အရိုး ကို ကတ်ကြေးဖြင့် မကိုက်ရပေ။ လက်ဖြင့်ချိုးမှသာ သပြေခက်များ ကြာ ကြာခံသည်။ အေးသီတာသည် သပြေညွန့် နီနီလေးများကို စိတ်တိုင်းကျစွာ

ကြည့်ရင်း ပန်းအိုးများကို အိမ်ရှေ့တွင် သွားပြန်ထားလိုက်သည်။ ဦးလေးသည် ပန်းအိုးထဲ ပန်းချည်းထိုးသည်ကို သဘောမကျ။ အောင်သပြေညွန့်လေး ကိုးညွန့်သာ အညွန့်လေး လူနေစမ်းပါစေဟု ဆိုလေ့ရှိသည်။ ယခုတော့ ပန်းအိုးများကို ရေစင်စင်ဆေး၊ ရေသစ်လဲကာ သပြေညွန့်လေးသာ ထိုးထားသည်။ ဈေးပြန်လာမှ ပန်းစုံထိုးမည်။ အမေကြီးအတွက် ပန်းအိုးထိုးလျှင် မွှေးသောပန်းကိုသာ ထိုးရသည်။ အမေကြီးစင်ထက် ငွေရောင်ပန်းအိုးများကို တင်ပြီးလျှင် အမေကြီးကို ရေနွေးကြမ်း လေးခွက်ကပ်သည်။ တကယ်တော့ အမေကြီးကို ပွဲသတ်သတ်ပေးရိုး ထုံးစံမရှိ။ အမေကြီးတို့ ညီအစ်မလေးဖော်အတွက် တစ်စု တစ်စည်းတည်း လုပ်ပေးရသည့် ထုံးစံရှိရာ ယခုလည်း ရေနွေးကြမ်း လေးခွက်။ ထို့နောက် မုန့်ဖြူမုန့်နီကပ်သည်။ နံ့သာဖြူ အမွှေးတစ်တိုင် ထွန်းပေးပြီး အေးသီတာသည် လက်အုပ်လေးချီကာ ပါးစပ်ထဲ ရှိရာရွတ်သည်။ ခေါင်းရင်းအိမ်ဘက်မှ ကက်ဆက်သံ လွင့်လာနေဆဲ။

"ရွှေလိုဥပါလို့ ... ရှုမဝတဲ့ အမေရေယဉ် ..."

အမေကြီးကိုစ္စ ပြီးပြီမို့ အေးသီတာသည် ဧည့်ခန်းထဲ မျက်စိကစား ကြည့်သည်။ ဘာများ လိုအပ်သေးသနည်း။

နှစ်ဆယ့်ငါးပေ ပတ်လည်ခန့်ရှိသော ဧည့်ခန်းထဲတွင် မှန်ဗီရိုသုံးလုံး၊ ဖက်ဖူးရောင် ဆက်တီတစ်စုံ။ နံရံသားဖြူဖြူပေါ်တွင် ပန်းချီကားကြီး သုံးချပ်။ မြင်းရိုင်းကိုးကောင် ကဆုန်စိုင်းနေသော ပန်းချီကားသည် အေးသီတာမျက်လုံးထဲ အလှဆုံးဖြစ်၏။ ဧည့်ခန်းအဝင်ဝနားတွင် ရေခဲသေတ္တာအသေးတစ်လုံး ထားပေးခြင်းကမူ ဧည့်သည်များ လွယ်လင့်တကူ ရေသောက်နိုင်ရန် ဖြစ်သည်။ အေးသီတာသည် ရေခဲသေတ္တာထဲမှ ရေပုလင်းများကို စစ်သည်။ ထို့နောက် ဆေးလိပ်ပြာခွက်သွန်ပြီး နေရာတကျ

ပြန်ထားသည်။ ဈေးသွားရဦးမည်။

ညှော်ခန်းထဲကို နောက်ဆုံးတစ်ချီ သိမ်းကျုံးကြည့်ပြီး အေးသီတာ စိတ်ထဲ မွန်းနေသည်။ ဤခံစားချက်မျိုး မကြာခဏပေါ်လာသည်။ ညှော်ခန်းသည် ထည်ဝါခမ်းနား လွန်းနေသော ညှော်ခန်းမဟုတ်။ အလှပြညှော်ခန်း မဟုတ် သလို သက်သောင့်သက်သာ နေချင်စဖွယ် ညှော်ခန်းမျိုးလည်း မဟုတ်။ ကလေး ကစားစရာတွေ ဟိုတစ်ခု သည်တစ်ခု ပြန့်ကျဲနေသော ပျော်ရွှင်မှု ထင်ဟပ်နေသည့် ညှော်ခန်းလည်းမဟုတ်။ နံရံပေါ် ဘွဲ့ဓာတ်ပုံတွေ စီနေ သော ဂုဏ်ဆောင် ညှော်ခန်းလည်း မဟုတ်ပြန်။ ဤညှော်ခန်းသည် အသုံးဝင် အသုံးတည့်နေသော ညှော်ခန်း။ ပြစ်ချက်ထောက်ပြစရာ မရှိသောညှော်ခန်း။ အကယ်၍သာ ညှော်ခန်းများကို အမည်ပေးရမည်ဆိုလျှင် အေးသီတာ အနေ နှင့် ဤညှော်ခန်းကို ဘယ်လိုအမည်ပေးလျှင် ကောင်းမှာပါလိမ့်။

ကိုယ့်လက်ကိုယ်ခြေ ဖြစ်မှန်းမသိ ဖြစ်လာနေသော ညှော်ခန်းကိုငေးရင်း အေးသီတာသည် သက်ပြင်းတစ်ချက်ရှိုက်ကာ ထမင်းစားခန်းဘက် ကူးလာ သည်။ ပြတင်းများကိုဖွင့်၊ ရေခဲသေတ္တာထဲ ရေဖြည့်၊ ထမင်းစားပွဲရှင်းလင်း၊ အမှိုက်လှည်း၊ စသောအလုပ်များကို အေးသီတာ ဇယ်စက်သလို လုပ်သွား သည်။ ယင်းအလုပ်များကို ဘယ်တော့မှ မငြီးငွေ့။ ဖြစ်နိုင်လျှင် လက်နှစ် ဖက်လုံး လှုပ်မရသည်အထိ လုပ်ချင်သည်။ အေးသီတာသည် အလုပ်ကိုမ ကြောက်၊ အလုပ်မရှိမှာကိုသာ ကြောက်သည်။ ရေနွေးအိုး မြန်မြန်တည်၊ လက်ဖက်ရည်ဖျော်၊ မုန့်နှင့် တစ်သျှူးကအစ ထမင်းစားပွဲပေါ် ချပေးထား ပြီး မီးဖိုဆောင်ဘက် ကူးလာသည်။ ဈေးသွားရမည်။

ယနေ့ စနေနေ့ဖြစ်၍ မောင်လေးတို့ ကျောင်းပိတ်သည်။ အမြန်မလိုသော ကြောင့် ဆိတ်သားဆီပြန် ချက်မည်။ ဟင်းစပ်အတွက်က ပဲဟင်းချိုနှင့် ဆီးဖြူသီးထောင်း။ မောင်လေး အိပ်မငိုက်အောင် လက်ဖက်သုပ်လေးပါ

လုပ်ပေးရမည်။ ဈေးမသွားခင် ဘောပင်ခဲတံ ရှိ၊ မရှိ မေးရဦးမည်။ ဘာတွေ ဝယ်စရာ ရှိသေးသနည်းဟု အေးသီတာခေါင်းက တရစပ် အလုပ်လုပ်နေသည်။ ဆား၊ အချိုမှုန့်၊ ကြက်သွန်ဖြူနီ၊ ငရုတ်သီး၊ နနွင်းမှုန့်၊ မဆလာ၊ လက်ဖက်၊ ကြက်သွန်ကြော်၊ နှမ်း ... ထို့ပြင် အရေးကြီး ပစ္စည်းတစ်ခု ဝယ်ရဦးမည်။

အေးသီတာတို့ မောင်နှမက အိမ်မကြီးပေါ်တွင် မနေ။ အိမ်နောက်ဘက်မှ ပျဉ်ထောင်တန်းလျားတွင် နေသည်။ ဤအိမ်ကို အေးသီတာတို့ မောင်နှမ ရောက်လာသည်မှာ သုံးနှစ်ပြည့်တော့မည်။ အေးသီတာတို့ မောင်နှမကို ကြည့်ရှု စောင့်ရှောက်သည့်အတွက် ဦးလေးဦးအောင်ကိုဆန်းကို ရွာမှရပ်ဆွေရပ်မျိုးများက အမြင်ကြည်လင် ခဲ့ကြသည်။ ရောက်စတုန်းက မောင်လေး ခုနစ်တန်းရှိသေးသည်။ အေးသီတာကတော့ ခြောက်တန်းနှင့် ကျောင်းထွက်ခဲ့သည်မှာ ဆယ်စု တစ်နှစ်မကတော့။ ယခုအေးသီတာ အသက်နှစ်ဆယ့်လေး။ အေးသီတာ တို့မောင်နှမ အသက်ကွာနေသည်မှာ တကယ်တော့ အေးသီတာနှင့် မောင်လေးအကြား အမေက ကိုယ်ဝန်နှစ်ကြိမ် ပျက်ကျခဲ့၍ဖြစ်သည်။

တန်းလျားဘက် ပြန်လာပြီး အေးသီတာသည် မောင်လေးအခန်း၏ ခန်းဆီးကို အသာလှပ်ကြည့်သည်။ မောင်လေး အိပ်နေဆဲ။ အိပ်ပါစေလေ။ ညတုန်းက ညဥ့်နက်အောင် စာကြည့်ခဲ့သည်။ မောင်လေးအပြောအရ သူ့ဦးနှောက်သည် နေ့ဘက်တွင် အလုပ်မလုပ်ဟုဆိုသည်။ "အစ်မရ၊ သားက ညရှစ်နာရီကျော်မှ သင်္ချာတွက်လို့ရတယ်။ သားသူငယ်ချင်းတွေကတော့ မနက်စောစောမှ ဉာဏ်ထွက်တယ်တဲ့" အေးသီတာနှင့် အသက်ခြောက်နှစ်သာ ကွာသော်လည်း စကားပြောလျှင် သူ့ကိုယ်သူ သားသားနှင့် ပြောတတ်သော မောင်လေး။ လူ့လောကမှ အထွက်စောသော မိဘနှစ်ပါးကြောင့်

အေးသီတာတို့ မောင်နှမ ပိုစည်းလုံးနေခြင်း များလား။

အေးသီတာသည် မျက်နှာပြန်သစ်ပြီး သနပ်ခါးရေကျဲ သွေးလိမ်းသည်။ အညာသူမို့ အသားညိုသည်မှာ မဆန်း။ ဆန်းသည်က အေးသီတာတို့ ကြေးသိုက်ရွာသားများသည် လူစုံတကစ်စုံ အသားမညိုဘဲ အချို့က အသားလတ်သည်။ ယင်းသို့ အသားလတ်သည့် ရွာသားတွေထဲ အေးသီတာ အဘိုးပါသည်။ အေးသီတာသည် ညိုသည့်အသား ဖြူလာမလားဆိုပြီး လက်မောင်းနှစ်ဖက်ကို သနပ်ခါး ခပ်ကြမ်းကြမ်း ဆွဲပစ်လိုက်သည်။ ဆံပင်ကို ဘီးကုပ်နှင့် သေသေသပ်သပ် ဆွဲတင်ကာ နဖူးပေါ် ဆံပင်ကို အချောင်းလိုက်ချထားသည်။ ဆံနုလေးများ အခွေလိုက်ချထားသော ဗီဒီယိုမင်းသမီးကို ချစ်လိုက်ရသည်မှာ တစ်ပိုင်းသေလုမတတ်။ နို့ပေမဲ့ ကိုယ့်ဆံပင်က ဘယ်လိုလုပ်လုပ် မာတောင့်တောင့်နှင့်မို့ လက်လျှော့ထားသည်။ ရွာမှာတုန်းကတော့ ကမြင်းကြောထပြီး ရွာသူ တစ်သိုက်နှင့်အတူ ကံကုန်းရွာအထိတက်ကာ ဆံပင်ညှပ်ဆိုင်တွင် ဆံပင်ဆေး ဆိုးဖူးသည်။ ဘိုမတွေကို အားကျပြီး ဆိုးလာသည့် ရွှေဝါရောင်ဆံပင်ကို အဘွား မြင်သည်နှင့် အဘွားသည် ရင်ဘတ်ထုထုပြီး ရယ်သည်။

ဆံပင်ပြင်ပြီးလျှင် နှုတ်ခမ်းနီအရောင်ရွေးသည်။ နှုတ်ခမ်းနီဆိုလျှင် ချောကလက်ရောင် ဖျော့ဖျော့ကိုမှ ခုတစ်လော အေးသီတာ မျက်စိကျနေသည်။ ရွာမှာတုန်းက အလှမပြင်တတ်ခဲ့။ အလှမပြင်တတ် ဆိုသည်မှာ ရွာသူများ ပြင်နေကျပုံစံဖြစ်သော သနပ်ခါး ပါးကွက်ကျားနှင့် နှုတ်ခမ်းအရဲသားကိုသာ မိုင်ကုန်ဟု ထင်ခဲ့သည်။ နေ့တိုင်း မှန်ပေါက်လုမတတ် အလှပြင်သော အေးသီတာကို အမေက "သရဲမှန်ကြိုက်" ဟု ခနဲ့မြဲ။ အမေခနဲ့လျှင် အေးသီတာ ပိုရွှဲ့သည်။ အမေတင်လားဆိုတော့ မဟုတ်သေး၊ အဘွားကလည်း သွားဟောင်းလောင်း ပါးစပ်ကို အစွမ်းကုန်ဖြဲကာ သူ့သမီး

ကို ပြန်ချီးမွမ်းသည်။

"ကြို ကြိုဖူးပေါင်ဟယ်၊ မိန့်ရယ် နင်မွေးထားတာတွေက အဖြူတစ်ကောင် အမည်းတစ်ကောင်"

အဘွားပြောလည်း ပြောချင်စရာပင်။ အေးသီတာတို့ မောင်နှမ ဘယ့်နှယ် လုပ်ပြီး တစ်ယောက်တစ်ရုပ် ထွက်လာမှန်းကို မသိ။ ဘုရားစူး တစ်အူထုံ့ဆင်း မောင်ရင်းနှမဟု ကျိန်တွယ်ပြောရမည်။ အေးသီတာသည် အဖေတူ အသားညိုညို မေးရိုးကားကား နှာတံပိပိ မျက်လုံးမျက်ဖန် ကောင်းကောင်း။ မောင်လေးကတော့ အမေဘက်မှ အဘိုးနှင့် သွားတူသည်။ အသားအရေ ဖြူဖြူဖျော့ဖျော့၊ မေးရိုးသွယ်သွယ်၊ နှာရိုးမြင့်မြင့် လူဟန်ပိန်ပိန် ရှည်ရှည်လေး ဖြစ်သည်။ အေးသီတာ၏ ခပ်တုတ်တုတ် လက်တွေက အလုပ်လုပ်ဖို့များ တမင် ဖန်တီးထားသလို။ မောင်လေး ကတော့ လူပုံနွဲ့နွဲ့။ ရွာထဲမှ အရီးတင်တို့ အရီးကျော့တို့က အေးသီတာတို့ မောင်နှမကို "လေးကျွန်းမောင်မောင်နဲ့ မယ်ကုဝဏ်" ဟု လှမ်းခေါ် တတ်သည်။

အေးသီတာသည် အဝတ်အစားလတ်လတ် တစ်စုံလဲရင်း ဝယ်ခြမ်း စရာများကို စိတ်ထဲတေးမှတ်နေသည်။ ဦးလေးအောင်ကိုဆန်းက ဈေးဖိုးကို တစ်ပတ်စာအတွက် တစ်ကြိမ်သာ ပေးသည်။ ဟင်းမကောင်းလျှင် အေးသီတာ မျက်နှာပျက်ရသည်။ ကုန်ဈေးနှုန်း ကလည်း ဘယ်တော့မှ အကျမရှိ။ ထို့ပြင် အေးသီတာ ကိုယ်တိုင်က ချက်ရေးပြုတ်ရေး အစီအမံ မကျွမ်းကျင်လှ။ အဘွားက လက်ထပ်သင်ပေး ထားခဲ့သော်ငြား မိန်းမပီပီ နုနုနယ်နယ် လုပ်ကိုင်စီမံတတ်သော မိန်းမစားထဲ အေးသီတာ စာရင်းမဝင်။ ဈေးဖိုးကို စီမံခန့်ခွဲရာတွင် ဘယ်တော့မှ အဆင်ပြေသည်ဟူ၍ မရှိ။ တနင်္လာနေ့တွင်ပေးသော တစ်ပတ်စာ ဈေးဖိုးသည် ပုံမှန်အားဖြင့်

သောကြာနေ့လောက် ဆိုလျှင် လက်ထဲခန်းပေပြီ။

အေးသီတာတို့နေသော တန်းလျားသည် အခန်းနှစ်ခန်းသာ။ အစ်မတစ်ခန်း၊ မောင်တစ်ခန်း။ နောက်ဘက်တွင် ရေချိုးခန်း၊ အိမ်သာ။ အေးသီတာသည် မှန်ကိုနောက်ဆုံးတစ်ချီ ကြည့်ပြီး ဘေးခန်း ကူးလာသည်။ မောင်လေးအိပ်နေဆဲ၊ ကွပ်ပျစ်ပေါ်မှ မောင်လေးအသက်ရှူသံ မှန်မှန်ကို ကြားနေရသည်။ မောင်လေးအခန်းထဲ ဘာမှထွေထွေထူးထူး မရှိ။ ကွပ်ပျစ်တစ်လုံး၊ ယိုင်နဲ့နဲ့ စာရေးစားပွဲ တစ်လုံး၊ ထရံပေါ်မှ သံချိတ်များကမူ ထီး၊ အနွေးထည်နှင့် ကျောပိုးအိတ်ချိတ်ရန်။ ထရံပေါ်တွင် ဇယားကွက်လေး တစ်ကွက်ကို ကော်နှင့်ကပ်ထားသည်။

မောင်လေး၏ စာရေးစားပွဲပေါ် မျက်လုံးအရောက်တွင် စားပွဲပေါ်မှ ရီပို့ကတ်ကိုမြင်သည်။ မနေ့ကတည်းက ရလာသည့် ရီပို့ကတ်ဖြစ်မည်။ "မောင်အောင်ရည်မွန်၊ ဒသမတန်း၊ တန်းခွဲအေ၊ အ.ထ.က (၁) ယင်းမာပင်" ဟု အမည်ဖြည့်ထားသော ရီပို့ကတ်ကို အေးသီတာ ဆိုးဆိုးဆတ်ဆတ် ယူပြီး ဖွင့်ကြည့်သည်။ ရီပို့ကတ်မြင်တိုင်း အေးသီတာ ရင်တုန်ပန်းတုန်ဖြစ်ပြီး မောင်လေးကို ယုံသည်။ ထိုစဉ် ခြင်ထောင်ထဲမှ အသံထွက်လာသည်။

"သုံးဘာသာကျတယ် အစ်မ"

အေးသီတာ ပြုံးသွားသည်။ ရီပို့ကတ်ပေါ်တွင် ကျသောဘာသာရပ်၏ ရမှတ်ကို မင်နီသားထားသည်။ သင်္ချာ ၂၅ မှတ်၊ ရူပဗေဒ ၂၅ မှတ်၊ ဓာတုဗေဒ ၂၅ မှတ်။ အေးသီတာ စိတ်ကျေနပ်သွားသည်။ သည်နှစ် မောင်လေးဆယ်တန်း။ ပထမအစမ်း စာမေးပွဲ၏ ရီပို့ကတ်ပေါ်မှ ရမှတ်များကို အေးသီတာ စိတ်တိုင်းကျစွာ တစိမ့်စိမ့် ကြည့်သည်။ မောင်လေး၏ ပညာရေးကို အေးသီတာ တစ်ချက်မှ အတိမ်းအစောင်း မခံနိုင်။ ကိုယ်တိုင်က ခြောက်တန်းသာ အောင်ထားသော်လည်း ပညာရေးသည် တစ်ခုခုတော့ တစ်ခုခုပဲဟု

အေးသီတာ ယုံသည်။

"တနင်္လာနေ့ ရီပို့ကတ် ပြန်ပေးရမှာပေါ့"

မောင်လေး အောင်ရည်မွန်က ခြင်ထောင်လှန်ပြီး အိပ်မှုန်စုံမွှားနှင့် ထလာသည်။ ဘာမှမဖြေဘဲ ခပ်ငူငူ ကြည့်နေသည်။ ခုတစ်လော မောင်လေးမျက်နှာမလန်း။ စာမေးပွဲကြောင့် စိတ်ဖိစီး ပေရော့မည်။

"အောင်ရစ်၊ ဒီနေ့ဘာစားချင်လဲ။ ဘောပင်ကော ရှိသေးလား။ စာအုပ်ကော။ ငါဈေးသွားတော့မယ်။ နင်အိပ်ရေးမဝရင် ခဏပြန်အိပ်။ လက်ဖက်ရည် ဝယ်လာမယ်။ အီကြာကွေး စားမလား၊ မုန့်ပေါင်းပဲလား"

"ရတယ်၊ ဘာဖြစ်ဖြစ်"

ငယ်တုန်းက အငိုလည်းသန်၊ အရစ်လည်းသန်၊ ဂျီကျတတ်လွန်း၍ အောင်ရည်မွန်ကို အောင်ရစ်ဟု အေးသီတာ စတင်ခေါ်ရာမှ အောင်ရစ်နာမည်တွင်သွားသော အောင်ရည်မွန်သည် ဝါးခနဲသမ်းကာ ခြင်ထောင်ထဲ ပြန်ဝင်သည်။

***

"အမေရေယဉ် ... ဟော်နန်းထိပ်တင် ... ရွှေလိုဥပါတဲ့ ... ရှမဝ အမေရေယဉ်"

ကက်ဆက်သံကို နားစွင့်ရင်း အေးသီတာသည် အိမ်ခေါင်းရင်းဘက်မှ ပတ်၍ အိမ်ရှေ့ထွက်သည်။ ကက်ဆက်သံလား၊ သို့မဟုတ် အခြားတစ်ပါးသော အသံထွက် ပစ္စည်းကို ဆောင်းဘောက်စ်နှင့်တွဲပြီး ဖွင့်ခြင်းလားတော့ အေးသီတာ သေသေချာချာမသိ။ ယင်းနတ်ချော့တေးသည် ကြားစကလို ပီသကြည်လင်ခြင်း မရှိတော့။ အချို့နေရာများတွင် အသံလုံးနေသည်။ အိမ်ရှေ့အရောက်တွင် ရေလျှံတွင်းကို အေးသီတာကြည့်သည်။ ရေလျှံတွင်း

ပတ်လည်တွင် ရေကြည်တွေ အိုင်ထွန်းနေသည်။ အလို ... ရေသရက်ကင်းလေးတွေပါလား။ မြမြစိမ်းနေသော ရေသရက်ကင်း ပင်လေးတွေ ဘယ်တုန်းက ပေါက်နေပါလိမ့်။ ဈေးပင် ဆက်မသွားချင်ဘဲ ချက်ချင်းခူးထားချင်သည်။ အပင်မြင်လျှင် ဟင်းစားခူးချင်စိတ်ကို ဤမြို့ရောက်မှ မနည်းကြီး နှိမ်နင်းထားရသည်။

ကြည့်ပါဦး။ စာကလေး ခြေထောက်ပင်လေးတွေ တစ်အုံကြီး၊ တစ်နေ့က တင် တို့စရာအတွက် ခူးထားပြီးသား။ ခုတော့ ရေစပ်စပ်ထဲမှနေ၍ အလုံးအရင်း အညွန့်တက်ကာ အေးသီတာကို ပြောင်စပ်စပ် လုပ်ပြနေသလို။ အေးသီတာသည် ရေလျှံတွင်း အနီးပတ်လည်မှ အပင်များကို မျက်လုံးနှင့် မှတ်နေသည်။ နတ်သမီး ကွမ်းရွက်ပင်တွေ အင်အားပြနေသည်။ သင်းတို့ကိုလည်း ဆုံးမရမည်။ ရွာမှာတုန်းက ထိုအပင်မျိုးကို အေးသီတာ မြင်ပင်မမြင်ဖူး။ ကြိတ်မှန်ဟုလည်းခေါ်သော၊ သစ်ရည်ကြည်ဟုလည်း ခေါ်သော နတ်သမီး ကွမ်းရွက်သည် မြေခြောက်ခြောက်တွင် မရှင်သန်နိုင်။ အမြဲတစေ စိုစိမ့်နေမှ ရှင်သန်သော အပင်တွေထဲ နတ်သမီး ကွမ်းရွက် ထိပ်ဆုံးကပါသည်။ ညနေကျမှ အပင်လိုက်နုတ်ပြီး ရေစင်စင်ဆေးကာ ကြက်သွန်၊ မြေပဲဆန်တို့ဖြင့် သုပ်စားရမည်။ အင်း ... တို့စရာအတွက်ကတော့ ဈေးအပြန်မှ ရေသရက်ကင်းနှင့် စာကလေးခြေထောက်များ နုတ်ယူရုံသာ။

အေးသီတာသည် အသီးကင်းမြင်တိုင်း အရွက်စိမ်းစိမ်းမြင်တိုင်း ဟင်းစားခူးချင်နေသော လက်နှစ်ဖက်ကို တင်းတင်းဆုပ်၍ အိမ်ရှေ့မှ ခွာလာခဲ့သည်။ အိမ်သည် လမ်းသွယ်ထဲမို့ လမ်းမပေါ် ရောက်အောင် ကိုက်တစ်ရာခန့် လျှောက်ရဦးမည်။ လမ်းမထိပ်ကွေ့တွင်မူ အရိပ်ဖားဖား ယင်းမာပင်ကြီးတစ်ပင်။ ကမူပေါ်တွင် ပေါက်နေသော ယင်းမာပင်၏ အောက်ဘက်တွင်မူ

ကလေးများ ဆော့ကစားလေ့ရှိသော မြေကွက်လပ်နှင့် ချုံရိုင်းပင်များ။ အေးသီတာသည် လမ်းသွယ်အတိုင်း တက်လာပြီး လမ်းမပေါ်ရောက်ကာ မြို့မဈေးဘက် လမ်းဆက် လျှောက်လာသည်။ မြို့မဈေးရောက်အောင် အတော်ဝေးဝေး လျှောက်ရသည်။ ယခုထိ စက်ဘီး မစီးတတ်သေးသော၊ သို့မဟုတ် မစီးရဲသေးသော အေးသီတာအဖို့ ဖွဲလေး နည်းနည်းခတ်လျှင် အဆင်ပြေပါသည်။ ကတ္တရာ မခင်းရသေးသော မြေမာမာ လမ်းတစ်လျှောက် ယင်းမာနံ့နှင့် တမာသင်းနံ့လေး ရှူသွင်းကာ အေးအေးဆေးဆေး ရွှေ့လာစဉ် လမ်းဘေးနှစ်ဖက်မှ ရေမြောင်းများ သွေ့ခြောက်နေသည်ကို သတိထားမိသည်။ ယခုမှ မိုးကုန်ခါစရှိသေး၊ အေးသီတာအဖို့ အိမ်ရှေ့မှ ရေလျှံတွင်းလေးကို ချစ်လိုက်ရသည်မှာ ပြောပင်မပြတတ်။

တကယ်တော့ ယင်းမာပင်မြို့ကို ရောက်ရောက်ချင်း အေးသီတာကို ဖမ်းစားခဲ့သည့် အရာမှာ ရေလျှံတွင်းများပင်တည်း။

"ဒီမြို့မှာ တွင်းတူးရုံနဲ့ ရေတွေလျှံထွက်တယ် ဟုတ်လား" ဟု အေးသီတာ ခများ တအံ့တဩနှင့် လူတိုင်းကို မေးကြည့်မိသည်အထိ။ ရေတွင်း၊ အဝီစိတွင်း စသည်တို့ကို အေးသီတာ ကြားဖူးပါသည်။ စက်အား၊ လေမှုတ်အား စသည်တို့ သုံးစရာမလိုဘဲ ရေတွေ သူ့အလိုလို မြေကြီးထဲမှ ပန်းထွက်လာသော ရေလျှံတွင်း ဆိုသည်ကမူ ပြောမယုံကြုံဖူးမှ သိတော့သည်။ မိုးခေါင်ရေရှား အညာဒေသတွင် မြေကြီးထဲမှ ရေတွေ အလိုလိုပန်းထွက်လာခြင်းသည် တကယ့်ကို အံ့ဖွယ်သရဲ။ ခေါင်းရင်းအိမ်မှ အရီးရွှေညို ကတော့ "ဟဲ့၊ ယင်းမာပင်ဆိုသာ အမေကြီးနယ်၊ အမေကြီးပိုင်သဲ့မြေ။ အမေကြီး ဖနောင့်နဲ့ပေါက်သဲ့ နေရာတိုင်း ရေထွက်သတော့။ ကျုပ်တို့ တစ်နယ်လုံး အမေကြီးကျေးဇူး မကင်းဘူး။ အမေကြီးကျွေးတဲ့ ထမင်းစားပြီး လူဖြစ်လာသာပါအေ" ဟု အကြိမ်ပေါင်းများစွာ ဆိုခဲ့သည်။ အမေကြီး

ဆိုသည်မှာ "အမေရေယဉ်" ကို ရည်ရွယ်ပြီးပြောမှန်း နောက်မှ အေးသီတာ သိသည်။

ဦးလေး အောင်ကိုဆန်းကတော့ ယင်းမာပင်နယ်တစ်ကြော၊ ဆားလင်းကြီးတိုင်သည်အထိ ရေလျှံဇုန်ဖြစ်ကြောင်း၊ တောင်မြောက် မိုင် ၃၀ ခန့်၊ အရှေ့ အနောက် မိုင် ၂၀ ခန့် ဖြစ်တည်နေသော ရေလျှံဇုန်ဆိုသည်မှာ မြေအောင်းရေကြောင့်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ယင်းမာပင်အလာ လမ်းတစ်နေရာတွင် မြေကြီးထဲမှ ရေတွေပန်းထွက် နေသည်ကို အေးသီတာတို့မောင်နှမ အံ့သြမှင်တက် နေခဲ့ဖူးသည်။ ၎င်းရေလျှံတွင်းသည် ရေကန်တစ်ကန် ပမာဏခန့်ရှိသော အကြီးစားဖြစ်၏။ ဝေဟင်ထဲ ပန်းထွက်နေသော ရေပန်းသည် အမြင့် ၁၅ပေခန့်ရှိမည်။ ရေလျှံတွင်း အနီးပတ်လည်တွင် ကားများရေဆင်းဖြည့်ကြသည်။ ခတ္တခဏ အပန်းဖြေ ကြသူများလည်း မနည်းမနော။ ရေလျှံတွင်းကို မြင်စတွင် အေးသီတာတို့ ဘာမှန်း မသိကြသေး။ ရေစုပ်စက်ဖြင့် ရေတွေစုပ်ပြီး အလဟဿ ဖြုန်းတီးပစ်ကြသလားဟု အံ့သြနေခဲ့ခြင်းဖြစ်သည်။

ယင်းမာပင်မြို့လေးကို ရောက်မှ ဟောတစ်နေရာ ဟောတစ်နေရာ ဆိုသလို ရေလျှံတွင်းလေး များကို ခပ်စိပ်စိပ် မြင်လာရသည်။ ပိုက်များမှ ပန်းထွက်နေသော ရေကြည်ကြည်တွေ ... ရေကို သည်အတိုင်း လွှတ်ထားကြခြင်းသည် ဖြုန်းတီးခြင်း မဟုတ်တုံလော။ ဦးလေးအိမ်တွင်လည်း ပုဂ္ဂလိက ရေလျှံတွင်းလေး တစ်တွင်းက အိမ်ရှေ့အိမ်ခေါင်းရင်းတွင် အခန့်သား။ ရေတွေ မပိတ်ဘူးလားဟု အေးသီတာ တမေးတည်း မေးနေခဲ့ရသည်။ ယင်းမာပင်တွင် ထိုသို့သော ပုဂ္ဂလိက ရေလျှံတွင်းပေါင်း ရာချီနေသည်။ ယခုတော့ ရေတွေကို သည်အတိုင်း လွှတ်မထားကြတော့။ အထောင်ပိုက်နှင့် ရေဂိတ်ဘားနှင့် စနစ်တကျ ဖြစ်ခဲ့ပြီ။ တန်ဖိုးကြီး သဘာဝသယံဇာတ

ထိန်းသိမ်းရေးအကြောင်း ယင်းမာပင်တွင် ယခုတစ်လော ရေပန်းစားနေသည်။ အေးသီတာကတော့ သဘာဝသယံဇာတဟု မယုံရေးချ မယုံ။ ဖြစ်နိုင်သည်မှာ အမေရေယဉ်၏ ဘုန်းတန်ခိုးသာ။ အမေရေယဉ် ဖနောင့်တစ်ချက် ပေါက်ရုံနှင့် ရေထွက်ရမည်။

"အမေကြီးရေ၊ ဒီနှစ်အမေ့ကို သမီးလာဦးတိုက်ချင်တယ်။ သမီးမောင်လေး စာမေးပွဲမှာ အောဒီရအောင် မစပါအမေ" ဟု အေးသီတာ စိတ်ထဲမှ ပြောသည်။ အောင်ဖို့သေချာသည့် မောင်လေးအတွက် စာမေးပွဲအောင်ဖို့လောက်ကို အေးသီတာ ဆုမတောင်း။ ဂုဏ်ထူးတွေ တစ်လှေကြီးနှင့် အောင်ဖို့သာလိုသည်။ အင်း … ညဘက် မောင်လေး အိပ်မငိုက်ဘဲ စာကြည့်နိုင်အောင် ချဉ်ချဉ်စပ်စပ်လေး တစ်မျိုးလောက်တော့ ချက်ဦးမှ။ သူတကာတွေလို ကျူရှင် မယူနိုင်သော မောင်လေးအတွက် အေးသီတာ ဘာထပ်လုပ်ပေးရမလဲကို မသိ။

လမ်းပေါ်ကို ဆိတ်တစ်အုပ် တက်လာသဖြင့် အေးသီတာဘေးကပ် ရှောင်သည်။ ဆိတ်အုပ်ဖြတ်သွားရာတွင် လမ်းတစ်လျှောက်မှ ချေးများ ဒေါမာန်ထကာ သောသောညံညံ ဟောင်ကြသည်။ ဇောင်းမွေးများ ထောင်ထနေသော ခွေးတစ်အုပ်ကို အေးသီတာ ကြောက်ကြောက်နှင့် ဆက်လျှောက်လာရာ မကြာမီတွင် လမ်းဘေး အဖီချထားသော ဆိုင်လေးများကို အတန်းလိုက် မြင်လာရသည်။ ကွမ်းယာဆိုင်၊ အအေးဆိုင်၊ မုန့်ပေါင်းနှင့် အကြော်မျိုးစုံဆိုင်၊ ပိုက်ဆက်ပစ္စည်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်ခြောက်ဆိုင်၊ ဆီဆိုင်၊ ထီဆိုင်၊ ထန်းရည်ဆိုင် … ဆေးဆိုင်။ ဆေးဆိုင်မြင်မှ ဆေးဝယ်ရန် အေးသီတာ သတိရတော့သည်။ ငါ့နှယ်နော်၊ မေ့ပဲ မေ့တတ်ပလေဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လာသည်။ စက်ဘီးသုံးလေးစီးခန့် ကလင်ကလင် ဘဲလ်သံပေးနေ၍ အေးသီတာ လမ်းဘေးကပ်ရှောင်သည်။ လမ်းအချို့ နေရာ

တွင် လှည်းပုံတောင်း နစ်လုမတတ် ချိုင့်ကြီးများ။ မိုးတွင်း ဗွက်ပေါက်သော လမ်းသည် နွေဘက်တွင် ဖုန်ထသည်။ ယခုလို ရာသီအကူးအပြောင်း လေး တွင်မူ မြေသိပ်နေသောလမ်းသည် လမ်းဘေးမှ အရိပ်အာဝါသ ကောင်းသော တမာပင်၊ ထနောင်းပင်တို့ကြောင့် ခြေခင်းလက်ခင်း သာ သည်ဟု ဆိုရမည်။

ရှေ့တွင်မြင်နေရသော ဆေးဆိုင်တွင် အေးသီတာသည် ဘယ်တော့မှ ကိုယ်တိုင်ကိုယ်ကျ မဝယ်။ လမ်းတွင်တွေ့ခဲ့ရသော ပင်စည်တုတ်တုတ် ကြို့ပင်ကြီး တစ်ပင်အောက်၌ စက်ဘီးလေထိုး ကျွတ်ဖာသော သားအဖ စတည်းချသည်။ အသက် ဆယ့်နှစ်နှစ်အရွယ် သားဖြစ်သူ ကောင်လေးကို အေးသီတာ မုန့်ဖိုးပဲဖိုးပေးပြီး ဆေးသွားဝယ်ခိုင်းနေကျ။ ယခုမူ စိတ်ကူး အယဉ် လွန်သွားသဖြင့် ကောင်လေးကို လွန်လာခဲ့သည်။ ကောင်လေးထံ နောက်ပြန်လှည့်ပြီး သွားရမှာကလည်း ရှိုးပဲ့သည်။ ရှိစေတော့ဟု အေး သီတာ စိတ်ထဲပြောကာ ရှေ့ဆက် လျှောက်လာသည်။

မကြာမီ ဆိုင်တန်းတွေ ကြားထဲမှ "မြို့မဈေး" ဟူသာ အစိမ်းရောင် သံပန်း ဆိုင်းဘုတ်ကို မြင်ရသည်။ ဈေးသည် အကြီးကြီးမဟုတ်။ ဈေးပေါက်ဝတွင် ဘုရားပန်းသည်များက ဝယ်ပါယူပါ တစာစာ။ ဈေးထဲ ဝင်ဝင်လာချင်း ဗန်း ခင်းဈေးသည်များကို အတန်းလိုက် မြင်ရသည်။ မြေပေါ်တွင် ပလတ်စတစ်၊ ရွက်ဖျင် စသည်တို့ကိုခင်းပြီး ပုံရောင်းသူက အများစုဖြစ်၏။ မြေပေါ်ပုံ ရောင်းသော ဟင်းသီးဟင်းရွက်များကို အေးသီတာ ကြည့်လာသည်။ ရွာမှာ နေတုန်းက ဟင်းသီးဟင်းရွက် သည်လောက်အမျိုးအမည် စုံစုံလင်လင် မ မြင်ဖူး မစားဖူးခဲ့။ ယင်းမာပင်ရောက်မှ အေးသီတာ သင်ယူခဲ့ရသည်များက မနည်းမနော။ ယင်းမာပင်နှင့် အေးသီတာတို့ရွာ ဘာမှမဝေးပါဘဲ အစားအစာ ဟင်းသီးဟင်းရွက်ကအစ ကွာခြားလွန်းနေသည်။

နှမ်းဖတ်ချဉ်၊ ပဲဖတ်ချဉ်၊ ပိတ်စွယ်၊ ညောင်ချဉ်ဖူး၊ စောင်ချမ်းနှင့် မြူရွက်၊ ဒေါက်ခွရွက်။ ထန်းမြစ်ပဲမြစ်များက အပုံအပင်။ ကြက်တက်ရွက်နှင့် တောငှေးသီးများလည်း မျက်နှာမငယ်သလို စလင်းပွင့်ဖြူထွက် ကရေကရာများကတော့ အားရစရာ။

အယ် ... အင်ဥပုံနှင့် ကိုင်းဥပုံတွေ ကြားထဲ ကဆစ်ခါးသီးလေးတွေ ပုံရောင်းနေပါပကော။ အေးသီတာ မျက်လုံးအရောင် လက်သွားသည်။ ဖရဲသီးနှင့် တစ်ပုံတည်း တစ်သွေးတည်းဖြစ်သော ခရမ်းချဉ်သီးအရွယ် ကဆစ်ခါးသီး လေးများ ဈေးလင်ပန်းထဲ မျက်နှာလေးငယ်ငယ်။ ရုတ်တရက်ကြည့်လျှင် ဖရဲသီးနုနု လေးများလိုလို ဘာလိုလို။ ကဆစ်ခါးသီးသည် ယင်းမာပင်တွင် မြင်ရခဲ တွေ့ရခဲသောအသီး။ မြင်ရခဲဆို ကောင်းမှမကောင်းပဲ။ ရွာမှာတုန်းက အေးသီတာသည် ယာခရိုးတောစပ်ထဲ ဟင်းစားခူးထွက်တိုင်း ကဆစ်ခါးသီးများကို အလွတ်မပေး။ ကဆစ်ခါးသီး လေးများ တစ်ပြည်စာလောက် ရလာလျှင် အသီးကိုထု၊ ပြာနှင့်ဆေးပြီး ကြက်သွန်ဖြူလေးဓားပြားရိုက်ထည့်၍ ကြော်စားသည်။ အရသာသည် ကင်းပုံသီးနှင့် ခပ်ဆင်ဆင်။ တကယ်တော့ ကဆစ်ခါးသီးသည် ဆင်းရဲခြင်း၏ ပြယုဂ်။ အေးသီတာတို့ရွာတွင် မိုးခေါင်ကာလအတွက် ကဆစ်ခါးသီးများကို နွယ်ပင်နှင့်တကွ ဆွဲနုတ်ထားပြီး အိမ်ဝင်း တလင်းပြောင် ပြောင်တွင် အခွေလိုက် ဖြန့်ခင်းထားသည်။

"တစ်ပုံဘယ်လောက်လဲ"

"တစ်ပုံမှ နှစ်ရာတည်းအစ်မ"

ကဆစ်ခါးသီးများ ပေါလွန်းလို့၊ ပိုက်ဆံပေးစားစရာလား၊ မဝယ်ပေါင်ဟု အေးသီတာ စိတ်တွင်းမှ ပြောနေသော်လည်း လက်ကမူ ပိုက်ဆံအိတ်ကို ဇစ်ဖွင့်ပြီးပြီ။ မည်းမည်းတူးတူး အညာသည်မလေးထံမှ ကဆစ်ခါးသီးတစ်ပုံ

ဝယ်ပြီးနောက် ပုံရောင်းဈေးတန်းထဲ ဆက်လျှောက်လာသည်။ ဈေးဖိုးလည်း သိပ်မကုန်အောင်၊ အစပ်အဟပ်လည်း တည့်အောင် ဘယ်လိုချိုချိုချောင်ချောင်လေးတွေ ဖန်တီးရမလဲဟု အေးသီတာ၏ ဦးနှောက်သေးသေးလေးက တွေးတောခြင်း အလုပ်ကို အပြင်းအထန် လုပ်သည်။ အလို ... ဟိုမှာ လက်သန်းလုံးလောက် ညိုတိုတိုလေးတွေက ဘာပါလိမ့်။ သည်လို အသီးမျိုး မြင်ကိုမြင်ဖူးပြီးသား။ အသီးအမည်ကို ပါးစပ်ဖျားတင် မေ့နေသည်။ အေးသီတာ ခေါင်းပူအောင် စဉ်းစားနေရာ ရေးရေးမျှမပေါ်။ ဈေးသည်ကို ဘာသီးလဲဟု မေးချင်သော်လည်း မေးလျှင် ဝယ်နေရမည်မို့ စိတ်ကိုထိန်းသည်။

ဟော၊ ဟိုမှာ ကြောင်လျှာသီးတွေ တောင်လိုပုံနေပြန်သည်။ ကြောင်လျှာသီးမြင်တော့ စောစောက ကဆစ်ခါးသီး ဝယ်မိသည်ကို နောင်တရသည်။ ကဆစ်ခါးသီး ဝယ်မည့်အစား ကြောင်လျှာသီးဝယ်၊ ရိတ်ရိတ်ပါအောင်လှီး၊ ဆန်ဆေးရည်နှင့် စိမ်ထား၊ ပြီးမှ ကြက်သွန်ဖြူနီ၊ ပုစွန်ခြောက်တို့ဖြင့် ကြော်စားလျှင် တကယ့်နတ်သုဓာ။ "မဖြစ်သေးပါဘူးလေ၊ ကြောင်လျှာသီးက ဇက်ကြောတက်တယ်။ မောင်လေး စာမကျက်နိုင် ဖြစ်နေဦးမယ်" ဟု ကိုယ့်ဘာသာကိုယ် ဖြေတွေးကာ ဈေးဝယ်သူတွေကြား အေးသီတာ မျောပါလာသည်။

ထိုစဉ် အစိမ်းရောင် အသီးတောင့်များ အတွဲလိုက် ဖြန့်ခင်းထားသည့် ဈေးလင်ပန်းပေါ်ကို အေးသီတာ မျက်လုံးရောက်သွားသည်။ မျောက်ငိုသီးတွေ ပါတကား။ သစ်လိမ်သီးဟုလည်း ခေါ်ကြသည်။ ယင်းအသီးမျိုးက ရှားသည်။ သည်ကနေ့မှ ထူးထူးဆန်းဆန်း။ ဈေးသည်ကို မျောက်ငိုသီး ဘယ်လိုရောင်းလဲဟု မေးပင်မမေးရဲ။ ဈေးနှုန်းက ထန်းပင်ထိပ်လောက် ရောက်နေမည့် မျောက်ငိုသီးသည် အညာထွက်မဟုတ်၊ ရှမ်းပြည်ထွက်

ဖြစ်ကြောင်း အဖေပြောပြသည်။ ဘဝမှာ တစ်ကြိမ်တစ်ခါတည်းသာ မြည်းစမ်းခဲ့ဖူးသော မျောက်ငိုသီး။ အတိအကျ ဆိုရလျှင် မျောက်ငိုသီးသည် အဖေမဆုံးခင် အေးသီတာအား နောက်ဆုံး ကျွေးသွားခဲ့သော အသီး။ တစ်နည်းအားဖြင့် အဖေ၏ နှုတ်ဆက်လက်ဆောင်။

"စားစား အစားပုပ်မ။ မျောက်ငိုသီးက အဖေတို့အညာမှာ ရှားတယ်"

"ဒီလောက်ကောင်းတဲ့ အသီးကို မျောက်က ဘာဖြစ်လို့ ငိုတာလဲ အဖေ"

အေးသီတာ အမေးကြောင့် အဖေ ရုတ်တရက် အမ်းသွားခဲ့သည်။ ပြီးမှ တဟားဟားရယ်ကာ မျောက်ငိုသီး အပင်သည် ပင်ကြီးမျိုးဖြစ်ကြောင်း၊ ၄င်းအပင်၏ ပင်စည်သည် ချောမွတ်နေသောကြောင့် မျောက်များထိုင်ငိုလောက်စရာ ဖြစ်ကြောင်း အဖေပြောပြသည်။ အသီးတောင့်ကို အခွံခွာပြီး အစေ့စိမ်းစိမ်း လေးများကို ဟင်းချက်စားရသော မျောက်ငိုသီး။ အေးသီတာကို အဖေနောက်ဆုံး ကျွေးခဲ့သော မျောက်ငိုသီး။

အချိန်ကို ဘာနှင့်တိုင်းတာသနည်း။ နာရီနှင့်လား၊ အေးသီတာကတော့ လျှပ်စစ်ထက် မြန်သော အမြန်နှုန်းဖြင့် အတိတ်အိမ်လေးဆီ အလည်တစ်ခေါက် ရောက်သည်။

မျောက်ငိုသီးအသည်က အေးသီတာမျက်လုံးများ သူ့စျေးဗန်းပေါ် ရောက်နေသည်ကို တွေ့သောကြောင့်ထင့်၊ "တစ်တွဲမှ ငါးရာတည်း အစ်မ" ဟု မမေးဘဲ စျေးပြောနေသည်။ အေးသီတာ မကြားယောင်ဆောင်ပြီး ဆက်လျှောက်လာသည်။ အသက်ဆယ့်သုံးနှစ် အရွယ်က တစ်ကြိမ်တည်းသာ စားခဲ့ဖူးသော မျောက်ငိုသီးကို အေးသီတာ သည်တစ်သက် စားဖြစ်တော့မည် မထင်။

***

အခန်း - ၂

"မနက်ဖြန် အဖေတို့ ရေလောင်းထွက်တော့မယ်" ဟု အစချီကာ အဖေနှင့် အမေ ထမင်းဝိုင်းတွင် တစ်ယောက်တစ်ခွန်း စကားအေးအေး ပြောနေကြသည်။ အဖေက အေးသီတာအား "မောင်လေးကို ဂရုစိုက်။ နေပူထဲ မထွက်နဲ့" ဟု ပြောရိုးပြောစဉ်ပြောသည်။ အဖေ့စကား အရေးမထားဘဲ မျောက်ဒိုသီးကို အရသာခံပြီး စားနေသော အေးသီတာအား အမေငေါက်သည်။ ဤအသီးသည် အဖေနှင့်အတူ ရေလောင်းထွက်မည့် လုပ်ဖော်ကိုင်ဖက်တစ်ဦး ယူလာသော အသီး။ အစားအသောက် ကြေးများသောမောင်လေးကို အေးသီတာ စိတ်ရှည်ရှည်ထားပြီး ကျွေးမနေ။ ဖက်ကြမ်းဆေးလိပ် အငွေ့ထောင်း ထောင်းထအောင် ဖွာရှိုက်နေသော အဘွားကတော့ ထမင်းဝိုင်းထဲ ဘယ်တော့မှ ဝင်မစားဘဲ ထမင်းဝိုင်း စကားသံကိုသာ နားစွင့်နေလေ့ရှိသည်။ ဟင်းချက်ကောင်းသော အဘွားသည် ဝင်စားပြန်လျှင်လည်း တို့တိတို့တိမျှသာ။ အဘိုးဖြစ်သူနှင့် ချွတ်စွပ်တူသော မောင်လေးကိုမူ အဘွားက အချစ်ပိုသည်။ သွားလေသူ အဘိုးသည် အဂ္ဂိရတ် ဝါသနာကြီးသူ။

"ဒီအချိန်ကြီးရောက်မှ မလောင်းပါနဲ့တော့။ နောက်တောင်ကျနေပြီ"

အမေ့အသံထဲ စိတ်ပူသံစွက်နေသည်။ ရေလောင်းသည် ဆိုသည်မှာ ရွှေကျင်ခြင်း။ အခြားတစ်ပါးသော ရပ်ရွာတွင် ဘယ်လိုပြောဆို သုံးနှုန်းသလဲတော့ အေးသီတာလည်း မသိ။ အေးသီတာတို့ ရွာတွင်မူ ရွှေကျင်သည်ကို ရေလောင်း သည်ဟုခေါ်သည်။ အဖေက နွေနှင့်မိုးတွင် ရွှေကျင်ထွက်သည်။ ဆောင်းတွင်မူ ကိုင်းစိုက်သည်။ မနက်တုန်းက အဖေနှင့် လူကြီးနှစ်

ဦးတို့သည် အေးသီတာတို့ အိမ်ရှေ့တွင် မျောဆင်ရန် သစ်သားစများ ဖြတ်တောက်လုပ်ကိုင် နေကြသည်။ အေးသီတာတို့၏ အိမ်ဂေဟာသည် တဲသာသာ ဝါးကပ်မိုး ထရံကာ မြေစိုက်အိမ်ဖြစ်၏။

"ဘမောင် ဒီလောက် "ရွှေတာ" ဖမ်းတော်မှကွာ။ သူပြောရင် မမှားဘူး"

"ဝေးလို့ မသွားစေချင်သာပါ"

အဖေတို့ ရွှေသွားကျင်မည့် နေရာသည် အေးသီတာတို့ရွာနှင့် နှစ်တိုင်ခန့်ဝေးသော ယမားချောင်းစပ်ဖြစ်သည်။ ဦးလေးဦးဘမောင် ရွှေတာဖမ်းတော်သည်ဆိုခြင်းမှာ ချောင်းစပ်တစ်လျှောက် သဲပြင်ပေါ်တွင် ဘယ်နား ရွှေရှိနိုင်သလဲ အမှန်းအဆတော်ခြင်းကို ဆိုလိုသည်။ ရွှေကျင်လျှင် မိုးတွင်းဆိုပါက အဆင်ပြေသည်။ ရေစီးကောင်းကောင်းတွင် ဂေါ်လေးနှင့် သဲတွေကျုံး၊ အင်ဝိုင်းထဲထည့်ပြီး ရေစီးအလာတွင် စကောဝိုင်းသလို ဝိုင်းဝိုင်းပေးရသည်။ သဲမှုန်များ ရေစီးနှင့်အတူ မျောပါသွားပြီး ရွှေမှုန်နှင့် အနက်ရောင် သံနှစ်များသာ အင်ဝိုင်းအလယ်တွင် စုစုကလေး ကျန်ရစ်သည်။ ယင်းကိုမှ ပြဒါးထည့်ပြီး ရွှေစ အမှုန်အမွှားလေးများကို ပြဒါးနှင့်ဖမ်းရသည်။ ပြဒါးကို လက်ဖနောင့်ဖြင့် ဖိဖိခြေသော အဖေ့ပုံရိပ်သည် အေးသီတာမျက်လုံးထဲ ရိုးနေပြီ။ ပြဒါးနှင့်ရွှေ လုံးခဲသွားသည့်အတုံး အခဲလေးကို ပိတ်ပါးတစ်စဖြင့် ပြဒါးရည်စစ် ချပြီးနောက် ယင်းအတုံးအခဲကို ဖက်ကြမ်းဆေးလိပ်မီးနှင့် အပူပေးလိုက်သောအခါ ရွှေရောင်လေး ဝင်းသွားတော့၏။ ထိုအခါ အဖေနှင့်အမေ့မျက်လုံးများလည်း ရွှေတုံးလေးနှင့်အပြိုင်။

"ဟဲ့၊ ဒီနှစ် သိကြားမင်း ကျွဲစီးဆင်းမယ်" ဟု အဘွားဝင်ပြောသည်။ ထရံကြားတွင် ညှပ်ထားသော သင်္ကြန်စာကို အဘွားညွှန်ပြကာ "ဒီတော့ မိုးဦးမိုးလယ် မိုးနှောင်း မိုးကောင်းမှာပဲ"

အဖေသည် ထမင်းဝါးမပျက်ဘဲ ဗလုံးဗထွေး ပြန်ပြောသည်။

"မဆိုင်ဘူး အမေ၊ နောက်ဆို ရွှေရှာခွင့် မရှိတော့ဘူး။ ဟိုဘက်ရွာက ကျွန်တော် ကြားလာသာ။ ရှာခွင့်ရှိတုန်းလေး ရှာမှ။ မိုးကျတဲ့အထိ မစောင့်နိုင်တော့ဘူး"

"ဘယ်လို ဘယ်လို၊ ရွှေမရှာတော့ ချောင်းထဲကရွှေတွေ အလကား သက်သက် ပင်လယ်ထဲ မျောကုန်မပေါ့"

"ရွှေကတော့ ရှာကြမှာပါ။ အရင်လို မဟုတ်ဘူးပြောသယ် အမေ။ တစ်နိုင်တစ်ပိုင်အတွက် ခွင့်ပြုချက် တောင်းရမယ်။ စာတင်ရမယ်။ စုံလို့ဗျာ၊ ဘာတွေမှန်းလဲ မသိပေါင်ဗျာ။ ကံကုန်းက ညီပြောသာ"

"အလိုတော် ယမားချောင်းတစ်လျှောက် ရေလောင်းနေသာ လူတွေ ထောင်သောင်းချီလို့"

"ကျွန်တော်တို့ ရွှေရှာကောင်းလို့ ရေတွေ ပြဒါးဆိပ်သင့်ကုန်သာ ဆိုဗျ"

"ပြဒါးအဆိပ်သင့်သယ်၊ ဟုတ်စ ... ကြားဖူးပေါင်။ ကျုပ်ယောက်ျား တစ်သက်လုံး ပြဒါးကိုင်လာသာ"

အဘွားသည် စကားပြောနေရင်း သွားလေသူထံ စိတ်ရောက်သွားပုံ ရသည်။ ပြောလက်စ စကား တိခနဲရပ်သွားသည်။ အတန်ကြာသော် ချောင်းတဟွပ်ဟွပ်ဆိုးသည်။ အဖေသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သလို လက်ကို ထမင်းပန်းကန်ပေါ် ထမင်းခါချသည်။ ထမင်းစားပြီးပေပြီ။

နွေခေါင်ခေါင် ရေလောင်းလျှင် အဖေတို့ ပင်ပန်းမည်။ အပေါ်ယံသဲများကို နှစ်ပေသုံးပေခန့် တူးထုတ်ရသည်။ ဖောက်သာလိုက်သည်ဟု ခေါ်ကြသည်။ ယခုလည်း မိုးဦးကျတော့မည်မို့ အမေက အဖေ့ကို ရေလောင်း မထွက်စေချင်။ ယမားချောင်းဟူသည် ဝါးလုံးထိုး ရေသွန်သောချောင်း။ ခြေချင်းဝတ်လောက်သာ နက်သော ချောင်းရေကြည်ကြည်ထဲ အေးသီတာတို့ ကလေး

တွေ ပြေးလွှားပျော်ပါး ဆော့ကောင်းလှသည်။ မိုးဦးရေ မကျမချင်း ယမား ချောင်းဟူသည် ပီဘိသိုးကလေးနှယ်။

တောင်ယမားနှင့် မြောက်ယမားဟူ၍ ချောင်းနှစ်ခုရှိရာတွင် တောင် ယမားသည် နွေဆိုလျှင် ချောင်းခြောက်ဖြစ်သည်။ မိုးဦးကျတွင်မူ ချောင်း ကြမ်းခင်းပေါ် လက်နှင့်စမ်းလိုက်၍ စိုမွမွ ဖြစ်သည်နှင့် နေရာမှ ခြေကုန် ထုတ်ပြေးပေတော့ဟု အဖေပြောပြခဲ့သည်။ "မြင်းသည်တော် ဖိုးကျော်လှ သဲ့။ အင်မတန် မြင်းစီးကောင်းသဲ့ သူရဲကောင်း။ သူ့မြင်းဖြူကြီးကလည်း လေးညို့က လွှတ်သလို ပြေးသဗျ။ တစ်ရက်သား မိုးတွေအုံ့သာနဲ့ သူက လောင်းကြေးထပ်ပြီး မြင်းဖြူကြီးကို ဒုန်းစိုင်းနှင်ချ သွားပါလေရော။ ရေ တွေဆိုသာ ခွက်မှောက်လိုက်သလို အုန်းခနဲနေသာ။ ရေတွေအကျ မြင်းက အပြေး သူ့မြင်းက ခွာသုံးဖက်ပဲ ရေလွတ်သတဲ့။ ခွာတစ်ဖက် ရေမလွတ် တော့ ရေစီးထဲ လူရောမြင်းရော ဒလိမ်းထိုး။ အဲသလောက် ရေစီးကြမ်းသဲ့ ချောင်း" ဟု အဖေက ချောင်းအနီးမှ မြင်းဖြူရှင် နတ်နန်းလေး ထားရှိရ ခြင်း အကြောင်းကို ပြောပြခဲ့သည်။ ယခု အဖေတို့ရွှေ့သွား ကျင်မည့်ချောင်း ကမူ မြောက်ယမားချောင်း။ မြောက်ယမားသည် သုံးရာသီ ရေစီးရေလာရှိ သော ချောင်းဖြစ်၏။

ရွာနှင့်ဘယ်လောက်မှ မဝေးသော မြောက်ယမားချောင်းစပ်ကို အေး သီတာတို့သားအမိ မကြာခဏ ရောက်သည်။ အေးသီတာ ငါးနှစ်သမီး လောက် ကတည်းက ယမားချောင်း သောင်စပ်၏ လက်ယက်တွင်းလေး များထဲမှ ရေကြည်ရေအေးကို လက်ကိုင်ရိုးတပ် အုန်းမှုတ်ခွက်ဖြင့် ခပ် သောက်တတ်သည်။ မြောက်ယမား ချောင်းကမ်းဘေး ရွာဖြစ်သော ရွာ နောင်ရွာ အနီးတွင် အမေတို့ ပဲလွန်းစိုက်သည်။ ကြက်သွန်စိုက်သည်။ နွေ နေဘယ်လောက်ပူပူ၊ ချောင်းစပ်သဲ သောင်ပေါ်ဝယ် ပျော်စရာအတိ။

ခြေမျက်စိလောက်ရှိသော ရေထဲ အေးသီတာ တစွပ်စွပ် ဆင်းဆော့လျှင် အမေ့ခများ ဗိုက်ကြီးတကားကားနှင့် အေးသီတာကို လိုက်ဆွဲရသည်။ ချောင်းသည် ရေရှင်စီးသော ချောင်းဖြစ်ပြား အရွက်ခပ်ဝိုင်းဝိုင်း ကွဲခေါင်းသီးပင်များ တအုံတမကြီး ပေါက်နေတတ်၏။

အဖေသည် ထမင်းစားပြီးပြီဖြစ်၍ တဲထောင့်တွင် ပုံထပ်ထားသော ဂုံနီအိတ် ဖြတ်စများကို ပြန်ဖြန့်ကြည့်သည်။ မျောဆင်သည့်အခါ မျောအတွင်းယင်းဂုံနီစများ ခင်းရသည်။

"အချိန်ရှိတုန်းလေး ငါမြန်မြန် ရှာလိုက်ချင်သယ်။ ဒေါင်းတစ်ကောင်လောက် ဝယ်နိုင်လို့ကတော့ ... ဟင်း"

အဖေပြောသည့် ဒေါင်းဆိုသည်မှာ ဒေါင်ဖန်းလက်တွန်း လယ်ထွန်စက်ကို ဆိုလိုသည်။ လက်တွန်းထွန်စက်တစ်လုံး ပိုင်ဆိုင်ရေးသည် အဖေ့ မဟာရည်ရွယ်ချက်။ အဖေသည် ဂုံနီစများကို ပြန်ထပ်ပြီး ကျစ်နေအောင်လိပ်သည်။ မနက်စောစော အိမ်မှထွက်ကြလျှင် ချောင်းစပ်ရောက်သည်နှင့် မျောဆင်နိုင်အောင် အိမ်မှာကတည်းက အပြီးအစီး လုပ်သွားခြင်းဖြစ်၏။ ကျင်တိုင်နှင့် ကျင်ဦးတိုင်များအပြင် ပေါက်ကယို့ကိုပါ အဖေစစ်သည်။ ပေါက်ကယို့ ဆိုသည်မှာ သံပြားနှင့် ပိတ်ထားသော ဇလားတစ်မျိုးပင်။ သံပြားကို အပေါက်လေး တစ်ပေါက်သာ ဖောက်ထားသဖြင့် ပေါက်ကယို့ ဟုခေါ်သည်။ ယင်းပေါက်ကယို့ထဲကို သဲများ လောင်းထည့်ပြီး ရေတိုက်ချရသည်။ သဲမှုန်များ မျောတစ်လျှောက် ဆင်းသွားပြီး မျောတွင် ခင်းထားသော ဂုံနီစတွင် ရွှေမှုန် ကျန်ခဲ့သည်။

"ဟိုတုန်းကများ ပေါလိုက်သဲ့ရွှေ။ ကျုပ်လင်က မိုက်အားကြီးလို့"

အိမ်ဝင်ဝတွင် အိမ်ခါးပန်းဒူးတင်ထိုင်ကာ ဖက်ကြမ်းဆေးလိပ် သောက်နေသော အဘွားက ဘယ်သူ့ကိုမှ မရည်ရွယ်ဘဲပြောသည်။ အေးသီတာ အ

ဘိုးသည် အင်္ဂရိတ်နောက်ကို သေသည်အထိ ကောက်ကောက်ပါအောင် လိုက်ခဲ့သူ။ အဘိုး ဖိုထိုးကောင်းသောကြောင့် တစ်သက်လုံး ဓားမဦးချ လုပ်ကိုင် စားသောက်ခဲ့သော ယာကွက်များ တစ်ကွက်ပြီးတစ်ကွက် ပြောင် သွားခဲ့သည်။ ယမားချောင်းစပ်တစ်ကြော ရွှေကျင်သူကနည်းနည်း၊ လုပ်ရတ်အတွက် မြေတွင်းသတ္တု ရှာသူကများများ။

"ဖိုဆိုရင် စိတ်နာလွန်းလို့ အိမ်ကမီးဖိုတောင် မကြည့်ချင်ဘူး" ဆိုသည်မှာ ဟင်းချက်ကောင်းသူ အဘွား၏ လက်သုံးစကား ဖြစ်လာခဲ့သည်။ အဘွား သည် ဆေးလိပ်ကို ထောင်းထောင်းထအောင် ဖွာရှိုက်လိုက်ကာ မွဲဆေးဖော် ပေး သွားခဲ့သူ သူ့အိမ်ဦးနတ်ကြီး အကြောင်းကို ထုံးစံအတိုင်း ချီးမွမ်း ထောမနာ ပြုသည်။

"ပြောလိုက်မှဖြင့် လေတစ်လုံး မိုးတစ်လုံး။ ဘာ ... ပြဒါးသေ တစ်ဆွေ၀၊ သံသေ တစ်ပြည်၀၊ ကြေးသေ အနန္တ"ဟုတ်လား။ တတ်လည်း တတ်နိုင်ပါ ပေ့။ သူ့ကိုယ်သူ ဘိုးဘိုးအောင်သား မှတ်နေသာအေ။ ကျုပ်စုဆောင်းထား သမျှလေးတွေရော၊ မိမွေဘမွေ ရှိရှိသမျှလေးတွေ တက်တက်စင် ပြောင်ပါ ရောလား။ မင်္ဂလာဦးတုန်းက အမေတို့ လက်ဖွဲ့ခဲ့သဲ့ ညောင်ဝိုင်းနားက ယာကွက် ရောင်းလိုက်တုန်းကဆို ကျုပ်မှာလေ ကျွမ်းပြန်မတတ်ပဲ။ ညည်း ရို့အဘိုးကတော့ ညကြီးမင်းကြီးထပြီး သဘော်ပင်အဖိုကို ကြည့်ရသာ လည်း အမော။ သဘော်ပင် အဖိုကနေ ပြဒါးထွက်သတဲ့လေ။ ကြံကြံဖန် ဖန်"

အဖေသည် ပြဒါးပုလင်းကို မှန်အိမ်မီးတွင်ထော င်ကြည့်သည်။ ပြဒါးများ ဖြူပြောင်ဝင်းလက် နေသည်။ အဖေ့ကို အေးသီတာ မေးကြည့်သည်။

"အဖေ၊ တကယ်လို့ ပြဒါးကန်ကြီးထဲကို သမီးခုန်ဆင်းလိုက်ရင် ဘာဖြစ် သွားမလဲ။ မြုပ်သွားမလား"

"ပြဒါးက ရွှေပဲကြိုက်တော့ သမီးကို ပြဒါးတွေ ကန်ထုတ်လိုက်မှာပေါ့"

"သမီးက ပြဒါးကန်ကြီးထဲ နစ်သွားမှာလား"

"ဘယ်ဟုတ်မလဲ။ ပြဒါးကန်ကြီးပေါ် သမီးက ပေါလောကြီး ပေါ်နေမှာ။ ရေပေါ်လမ်းလျှောက်သလို"

"ဒီကောင်မလေး ပေါက်ပေါက်ရှာရှာတွေ" ဟု အဘွားလှမ်းဟန့်သည်။

အဖေက အိမ်ရှေ့ခန်းထဲ မှောက်ထပ်ထားသော အင်ဝိုင်းများကို စစ်နေပြန်သည်။ အင်ဝိုင်းသည် ဆန်ပြာသည့် ဆန်ကောပမာဏဖြစ်ပြီး သဘော်ဆေးအနက် သုတ်ထားသည်။ မနက်အိမ်မှ ထွက်ကြလျှင် အားလုံးအစုံအစေ့ ပါဝင်အောင် အဖေသည် လွယ်အိတ်ထဲကို ကွမ်းယာ၊ ဆေးရွက်ကြီး၊ ကြိုးထုံး၊ ပြဒါး၊ အကုန်အစင်ပါအောင် စစ်၍ထည့်သည်။ အမေကတော့ ထမင်းဝိုင်း သိမ်းပြီး အိမ်ခလောက်ဆွဲ ထုတ်ထားသော မီးဖိုခန်းထဲ ချိုးချိုးချွတ်ချွတ်နှင့် သိမ်းဆည်းနေဆဲ။

စားပြီးလျှင် အိပ်ကြတော့မည်မို့ အေးသီတာ ဂျီတိုက်သည်။

"ဘွား၊ သမီးကို ပုံပြောပြ။ ဟိုဟာလေ၊ ဆိတ်မျက်လုံးနဲ့ နွားမျက်လုံးကြီး အကြောင်းပြောပြ"

"လာ၊ ဒီကို"

အဘွားပေါင်ပေါ် အေးသီတာ ခေါင်းအုံးသည်။ လေလေး တဖြူးဖြူးနှင့်မို့ ခြင်မကိုက်။ မောင်လေးကမူ ထမင်းစားပြီး ကတည်းက ထိုင်ရာမထ အိပ်မောကျ နေပေပြီ။ ဖိုဆိုလျှင် စိတ်နာလွန်း၍ အိမ်ကမီးဖိုကိုပင် မကြည့်လိုသူ အဘွားက မြေးမအား ပုံပြင်ပြောပြတော့ ရှင်အဇ္ဇဂေါဏပုံပြင်။ ဆေးပေ့ါလိပ်ကြီးကို ရဲခနဲ ဖွာလိုက်သော ဘွား၏လက်ချောင်းတွင် ရွှေရောင်လဲ့နေသော ဓာတ်လုံး လက်စွပ်ကြီးဝင်းလျက်။

"ဘုရင်ကြီးကလည်း ပြဒါးကို ရွှေကျွေးရလွန်းလို့ မွဲပြီလေ။ ဒါနဲ့ ရှင်မထီးကို မင့်ဓာတ်လုံး ဘယ်တော့မှ အောင်မလဲ ပြောစမ်း ပြောစမ်းပေ့ါ။ ရှင်မထီးက အပြောမတတ်တော့ ဘုရင်ကြီး အမျက်တော်ရှသယ်။ ကဲကွာ၊ ဆိုပြီး ရှင်မထီးရဲ့ မျက်လုံးနှစ်လုံးကို သံလျက်နဲ့ ကော်ထုတ်လိုက်ပါရော။ ရှင်မထီးလည်း စိတ်ထောင်းကိုယ်ကြေနဲ့ ဒီလောက်တောင် ဖြစ်လှသဟာဆိုပြီး ဓာတ်လုံးကို လွှင့်ပစ်လိုက်သာ ဓာတ်လုံးက မစင်တွင်းထဲကို တည့်တည့်မှ စိုက်စိုက်ကြီး အေ့၊ အဲသာပြောသာပေ့ါ၊ သီလကောင်းတော့ သမ္မာဒေဝတွေ စောင့်ရှောက်သာ"

အဘွားသည် ပုံပြောတစ်အောင့်နားပြီး မီးနားမညီသည့် ဖက်လိပ်ကို ကြည့်သည်။ လက်ကိုတံတွေးဆွတ်ပြီး ဆေးလိပ်မီးနားညီအောင် ညှိသည်။

"ဘာပြောကောင်းမလဲ တစ်ခါတည်း ဓာတ်လုံးကနေ အရောင်တွေ အလျှံတွေဆိုတာ အမလေး ... လေး ... ဝင်းဝင်းတောက်လို့၊ လင်းလို့ ထိန်လို့။ ဓာတ်လုံးအောင်သွားပြီ၊ အောင်ပြီဟေ့ ... အောင်ပြီ။ ဒီတော့မှ ဟဲ့ ဟဲ့ မျက်လုံးနှစ်လုံး မြန်မြန်သွားရှာကြစမ်း၊ ဈေးထဲ ရရာဝယ်ခဲ့ဆိုတော့ ဈေးကွဲချိန်ကြီး။ ရလာတော့ ဆိတ်မျက်လုံးတစ်လုံးနဲ့ နွားမျက်လုံးတစ်လုံး။ ဘာပဲဖြစ်ဖြစ် ရတာထည့်ဆိုတော့ ရှင်မထီးရဲ့ မျက်ကွင်းဟောက်ပက်ထဲ မျက်လုံးတွေ ပြန်ထည့်ရသယ်။ ဆိတ်မျက်လုံးကတစ်ဖက် နွားမျက်လုံးကတစ်ဖက်"

ထိုနေရာတွင် အဘွား သူ့ဘာသာ သဘောကျပြီး တဟိဟိရယ်သည်။

"ဓာတ်လုံးတန်ခိုးနဲ့ မျက်လုံးလည်း ပြန်မြင်ရပြီ။ ရှင်မထီးလည်း ရှင်အဇ္ဇဂေါဏ ဖြစ်ပါပကော။ အဇ္ဇဆိုတာ ဆိတ်လို့ပြောသာ၊ ဂေါဏဆိုတာ နွားတဲ့ ... အဲဒီဓာတ်လုံးနဲ့ ထိသမျှ သံထည်တိုင်းဟာ ရွှေဖြစ်သွားတယ်"

"အရင်တစ်ခါ ဘွားပြောတုန်းက ကြေးနဲ့ခဲကိုထိတာဆို"

"အလိုတော် ... သံကိုထိသာပါ။ သံသေတစ်ပြည်ဝ ဆိုသဟာ မကြားဖူး

ဘူးလား။ ဒါကြောင့် ပုဂံခေတ်က မုဆိုးမတောင် ဘုရားအမ ဖြစ်ခဲ့သာ။ ဒီခေတ်မုဆိုးမနဲ့များ ကွာပါ့အေ ..."

အဘွားထံမှ ကြိမ်ဖန်များစွာ နားထောင်ပြီးဖြစ်လျက် ထိုပုံပြင်ကို အေးသီတာ မရိုးနိုင်သေး။ အမေက မောင်လေးကို အိပ်ရာထဲသွင်းပြီးပြီ။ အဖေနှင့်အမေလည်း ဘက်ထရီမီးပိတ်ကာ အိပ်ရာဝင်ကြပြီ။ ရွာတွင်လျှပ်စစ်မီး ရနေပြီ ဖြစ်သော်လည်း မီးမမှန်။ အတန်ကြာသော် ရွာထဲမှ မီးစက်သံသဲ့သဲ့ထွက်လာသည်။ ဗီဒီယိုရုံမှ ဗီဒီယိုပြတော့မည်။ အေးသီတာကတော့ တဝါးဝါး သမ်းဝေရင်း အဘွားကို ရစ်ကောင်းနေဆဲ။ ထိုနေ့ညက ငှက်ဆိုးတစ်ကောင် ဂီးခနဲ အော်မြည် ပျံသန်းသွားခဲ့ရာ အဘွားက လက်ညှိုးတံတွေးဆွတ်ပြီး သူ့နဖူးသူ ပြန်တို့သည်။ "ကလူ ကလူ ... ငှက်မင်္ဂလာ ... ငှက်မင်္ဂလာ"ဟု အဘွားဆိုသော် အေးသီတာ တခိခိ ရယ်သည်။

နောက်တစ်နေ့သည် အေးသီတာတို့မောင်နှမ ဖခင်မဲ့ ဖြစ်သွားခဲ့သောနေ့။

***

မောင်လေးကို အေးသီတာ ယာခရိုးဘက် ခေါ်သွားစဉ် လေတွေတရကြမ်းတိုက်နေခဲ့သည်။ လေမလာခင် တောင်ဘက်ဆီတွင် ကောင်းကင်တစ်ခွင် နီရဲအုံ့ပျလျက်။ ဆည်းဆာ၏ နောက်ဆုံးလက်ကျန် များကတော့ ရိုးပြတ်လယ် ကွင်းပေါ်တွင် ရွှေရောင်။ ယိုင်နဲ့နဲ့ လယ်စောင့်တဲများပင် အေးသီတာ မျက်လုံးထဲ ခမ်းနားနေသည်။ သဘာဝတရားသည် လောကကို မရက်စက်ခင် ပက်ပက်စက်စက် လှသည်။

အေးသီတာကတော့ ဝါးခြင်းတောင်း ခါးသိမ်လေး ဟန်ပါပါဆွဲရင်း တွေ့သမျှ အသီးအနှံကို ဆိုးဆိုးဆတ်ဆတ် ခူးကာ ဝါးခြင်းထဲ အကုန်ထည့်သည်။ မရင့်သေးသည့် ကဆစ်ခါးသီးများကို နေရာမှတ်ထားသည်။ ကြက်

ခဝဲ သီးကိုမူ မနုမရင့် ခူးရသည်။ ကြက်ခဝဲသီး အခါးတစ်လုံးပါလျှင် တစ်အိုးလုံး သွန်ရမည် ဖြစ်သောကြောင့် အေးသီတာသည် ခူးနေစဉ် ထိပ်ဖျားလေးကို လျှာနှင့် တို့ကြည့်သည်။

သည်နှစ် အမေတို့ယာ သီးနှံအထွက်မကောင်း။ မြောက်ယမားဆည်ကြီး တည်ဆောက်ပြီးစီး ခဲ့သည်မှာ ၁၉၉၈ ခုနှစ်ကတည်းက။ ခုနှစ်သက္ကရာဇ်ကို အေးသီတာမှတ်မိ နေခြင်းမှာ အမေမကြာခဏ ပြောပြသော ယမားဆည်အတွက် ဗီဒီယိုလာရိုက်သော မင်းသမီးများကို အမေသည် လေးနှစ်သမီး အေးသီတာကို ခါးထစ်ခွင်ပြီး လိုက်ကြည့်ခဲ့ပုံအကြောင်း ဖြစ်သည်။ မြောက်ယမားဆည်၏ ဆည်ရေသောက်ဧကေပေါင်း တစ်သောင်းကျော် ရှိသော်လည်း ထိုအထဲ အေးသီတာတို့ ကြေးသိုက်ရွာမပါ။ ယာများ ဆည်ရေသောက်နိုင်ရန် အလှမ်းဝေးနေဆဲ။ အဖေကတော့ မကြာခဏ ညည်းသည်။ ယမားချောင်းအထက်တွင် ဆည်ဆောက်လိုက်သဖြင့် ယခင်လို ရွှေကျင်၍ မကောင်းတော့ဟုဆိုသည်။ သို့သော် ချောင်းရေကြီးမှုကို အတိုင်းအတာ တစ်ခုအထိ ထိန်းနိုင်သည်ဟုဆိုသည်။

တကယ်တော့ ချောင်းငယ်မြောင်းငယ်လေးတွေ မိတ်သင်္ဂဟဖွဲ့ပြီးမှ ယမားချောင်းဟူ၍ ဗိုလ်ဝင်ခံနိုင်ခြင်းဖြစ်သည်။ "ယမား" ဆိုသည်မှာ အရိုးရှည်ရှည် နန်းသုံးယပ်ဝိုင်းကြီး "ယပ်မား" ကိုအစွဲပြု၍ အမည်တွင်ခြင်း ဖြစ်ကြောင်း အဖေပြောပြသည်။ ချောင်းပေါင်း ၉၉ ချောင်း ပေါင်းစုံပြီးမှ ချောင်းရိုးကြီးအတိုင်း စီးဆင်းလာသော ယမားချောင်းသည် အေးသီတာတို့ နယ်တစ်ကြော၏ အရှင်သခင်။ ရွှေကိုမလို ရေကိုသာလိုသော အညာတွင် အဖေတို့လို ရွှေရှာဝမ်းကျောင်း သူတွေ ပြည့်နေသည်မှာ ခေါင်းစားစရာ ကောင်းလှသည်။ ပသို့ဆိုစေ အဖေကတော့ သူ့သမီးကြီးကို အမည်လှလှ လေး ပေးသွားခဲ့သည် အေးသီတာ။ "သီတာ ဆိုတာ ရေကိုပြောတာ သမီး

ရဲ့။ အေးသီတာဆိုတာ ကြည်လင်အေးမြနေတဲ့ ရေကိုခေါ်တာ။ ရေအသက် တစ်မနက်တဲ့။ လူသားတွေအတွက် ရေဟာ အရေးအကြီးဆုံး"

"ရေတွေ သေသွားရင်ကော အဖေ"

အေးသီတာ အမေးအတွက် အဖေရယ်သည်။

"ရေတွေက ဘယ်တော့မှ မသေဘူး"

"မသေဘူးလား"

"ဘယ်လိုလုပ်သေမလဲ သမီးရယ်"

"ဘွားပြောတော့ ပြဒါးသေ တစ်ဆွေ၀တဲ့၊ သံသေ တစ်ပြည်၀တဲ့၊ ကြေးသေ အနန္တတဲ့၊ ရေသေရင်ကော"

အေးသီတာ၏ ကလေးအတွေးအတွက် အဖေ့မှာ တပြုံးပြုံး။

ဖအေတူသမီး အေးသီတာသည် အသားညိုညို မေးရိုးကားကား ရွက်ကြမ်းရေကျို။ သို့သော် ကြေးသိုက်ရွာတွင် အမည်အလှဆုံးဟု အေးသီတာ မိမိကိုယ်ကိုယ် ထင်သည်။ ယခုနှစ်တွင် အေးသီတာ ခြောက်တန်း ဖြေထားပြီးပြီ။ ကြေးသိုက်ရွာတွင် မူလတန်းကျောင်းသာ ရှိသောကြောင့် ရွာနီးချင်းဖြစ်သော ကံကုန်းရွာတွင် မူလတန်းလွန်ကျောင်းကို သွားတက်ရသည်။ ကံကုန်းရွာနှင့် ကြေးသိုက်ရွာ အတန်လေး လှမ်းသောကြောင့် အဖေက နောင်နှစ် စက်ဘီး၀ယ်ပေးမည်ဟု အေးသီတာကို ချော့ထားသည်။

အဖေ ရေလောင်းထွက်ရာဆီ အေးသီတာတို့ သားအမိ တစ်ခါတစ်ရံ လိုက်သွားလျှင် အဖေတို့ ယောကျ်ားသုံးဦး တက်ညီလက်ညီ မခိုမကပ်တမ်း ရေလောင်းပုံကို တွေ့ရမြဲ။ တစ်ယောက်က သဲတွေတူးထုတ်သည်။ နောက်တစ်ယောက်က ဂေါ်နှင့်သဲကျုံးကာ ပေါက်ကယို့ထဲ သွန်သည်။ နောက်တစ်ဦးက ပေါက်ကယို့ထဲမှသဲများ မျောတစ်လျှောက် ဆင်းလာအောင် ရေပုံး

လေးနှင့် ရေလောင်းချသည်။ အလုပ်ခဏ နားချိန်တွင် ရေရှင်သွင်သွင်စီး သော ယမားချောင်းကို အေးသီတာက လက်ညှိုးထိုးပြီး အဖေ့အား မေးသည်။

"အဖေ အဲဒီရေတွေက ပင်လယ်ထဲ ရောက်သွားလား"

အဖေ ခေါင်းယမ်းပြသည်။ အေးသီတာပါးလေးကို လက်ဖမိုးနှင့် အသာဖိ ပေးသည်။ အဖေ့လက်ဖဝါးများ ကြမ်းလွန်းသောကြောင့် အဖေသည် အေး သီတာကို လက်ဖဝါးနှင့် ထိတွေ့လေ့မရှိ။ နေပူမိုးရွာမရှောင် အလုပ်ကြမ်း အစုံလုပ်သောကြောင့် အဖေ့ကျောပြင်သည် ရေနံသုတ်ထားသည့် အတိုင်း။ ရင်အုပ်ပိုင်းကမူ အသားအရောင် ဖျော့သည်။

"သလ္လာဝတီနဲ့ ပေါင်းဆုံတာ။ သလ္လာဝတီဆိုတာ ချင်းတွင်းမြစ် ကိုပြောတာ သမီး။ သလ္လာဆိုတာ မြား။ မြားလိုစီးသော မြစ်တဲ့။ ချင်းတွင်းမြစ်ကြီး ရေစီးမကြမ်းဘူးလား"

"သမီးမှ မမြင်ဖူးတာ"

စင်စစ် ယမားချောင်းဟူသည် တောင်စဉ်အသွယ်သွယ်ကို ကွေ့ကာဝိုက် ကာ စီးဆင်းလာသော မြစ်ဖြစ်နိုင်သည်။ ရွှေတောင်ဦး၊ ခမောက်တောင်၊ စံပယ်တောင်၊ ကြေးစင်တောင်၊ လက်ပံတောင်းတောင်၊ ဖိုလ်ဝင်တောင်၊ ဝါး စိမ်းတောင် ... စသော တောင်အမည်များသည် အေးသီတာအဖို့ နားယဉ်နေ ပြီးသားဖြစ်၏။

အဖေတို့ ယောက်ျားသုံးဦးသည် မနက်လင်းအားကြီးတွင် သယ်ပြုစရာ များ သယ်ပြုထမ်းပိုးကာ ရွှေတာဆီ သွားကြပြီမှန်း အေးသီတာသိသည်။ အ မေက မိုးမလင်းခင် အိပ်ရာထကာ ထမင်းဟင်းချက်ပြီး ထမင်းထုပ် လုပ် ပေးလိုက်သည်။ အေးသီတာ အဖို့ကတော့ မောင်လေးကို လက်ဆွဲပြီး ရွာရိုးကိုးပေါက် လျှောက်နေရုံ။ နေ့ခင်းပိုင်းတွင်မူ ရွာထဲမှ မိဝိုင်း၊ သာဂဒိုး၊

ငမုန်းတို့နှင့် မီးပွင့်အောင်ဆော့သည်။ အေးသီတာတို့ သူငယ်ချင်း အရင်းကြီး လေးဦးထဲတွင် အေးသီတာတစ်ဦးသာ ကံကုန်းအထိသွားပြီး မူလတန်းလွန်ကျောင်းကို တက်ဖြစ်သည်။ ကျန်သုံးဦးကား ဘုန်းကျောင်းတွင်သာ ပညာရေး ပြီးလိုက်ကြသည်။ အေးသီတာသည် ဘုန်းကျောင်း မတက်ခဲ့သော်ငြား ယံမင်္ဂလံ၊ ဒွါဒသဟိ မင်္ဂလ သုတ်မှစပြီး ပရိတ်ကြီးအဆုံး အဘွားသင်ပေးထား၍ နည်းနည်းပါးပါးရသည်။

အေးသီတာတို့ ကလေးတစ်သိုက်သည် တောင်ဘက်ခြမ်းရှိ ကန္တာရဆူးပင်များ တိုးမပေါက်သော ကျတ်တီးကုန်း နေရာကိုမူ မိုးတွင်းမဟုတ်လျှင် ဘယ်သူမှ မသွားကြ။

ယာစပ်၊ ကန်သင်းပေါင်နှင့် ရွာမြောက်ပိုင်းမှ မြောင်းစပ်တစ်ကြောတွင် ခရောင်းပင်များ၊ ဆီးချဉ်သီးပင်များ၊ မြေလတ်အခေါ် ဖွတ်မသိန်၊ အညာအခေါ် ကဆစ်ခါးသီး နွယ်ရိုင်းပင်များ၊ ပိစပ်ပင်၊ မရိုးပင်နှင့် တံမြက်စည်းလုပ်ရသည့် ဝက်ချီးမနဲပင်များသည် ရာသီကြမ်းကြမ်း၏ အကောင်းဆုံး ယှဉ်ပြိုင်ဘက်များ ဖြစ်သည်။ မိုးဘယ်လောက် ခေါင်သနည်းဟူမူ ယာကွက်ပပ်ကြား အက်များထဲ ခြေတစ်ချောင်းလုံး ဝင်ဆံ့သည်။

ရွာ့မြောက်ပိုင်းတွင် "ရွှေ့" ဟုခေါ်သော မြောင်းငယ်တစ်ခု ရှိသည်။ မြောင်းဆိုသော်လည်း ရေမျက်နှာပြင်ကျယ်ပြန့်ကာ ရေသည် သန့်စင်ကြည်လင် နေသည်။ ရေစီးကြောင်း မကြာခဏ ပြောင်းတတ်သောကြောင့် ရွှေ့မြောင်းဟု အမည်တွင်လာဟန်ရှိသော ယင်းမြောင်းကို တစ်ရွာလုံး အားကိုးအားထား ပြုရသည်။ သောက်ရေသုံးရေအတွက် အမှီသဟဲ ပြုရသည်။ မြောင်းရေသည် ယမားချောင်းနှင့် တစ်ဆက်တည်း။ မိုးတွင်းဆိုလျှင် ယာကွင်းလည်း ရေဖွေးဖွေး၊ မြောင်းလည်းရေ ဖွေးဖွေး၊ ရွာခံမဟုတ်သူများအတွက် ကွင်းနှင့်မြောင်း ခွဲမရဘဲ မျက်စိမှောက်တတ်သည်။ နွေဆိုလျှင်

တော့ ရွှေ့ပြောင်းသည် ရေစပ်စပ်လေးသာ ကျန်တတ်သည်။ သည်ဘက် ခေတ်တွင် မြောင်းသည် မြောင်းခြောက်တစ်ခု ဖြစ်မှန်းမသိ ဖြစ်လာ နေသည်။

ကောင်းကင်တွင် မိုးရိပ်တွေညို့လာ၍ အေးသီတာစိတ်က အဖေ့ထံ ရောက်သွားသည်။ မိုးတွင်းရောက်လျှင် အဖေတို့ ရွှေကျင်ကောင်းပေတော့ မည်။ ထိုအခါ အဖေ့ကို စက်ဘီးပူဆာရမည်။ တစ်နွေလုံး ခြောက်သွေ့နိုင် လွန်းသဖြင့် မိုးသက်လေကို မြင်ရုံနှင့် ဘယ်တော့မှ ရွာမလဲဟု မျှော်မော ကြီး မောတတ်နေပြီ။ ခြောက်သယောင်း လယ်ကွင်းတို့၏ အလွန်တွင် ထန်းပင်ကြီးများပင် မနေနိုင်တော့သလို တညည်းညည်း တညူညူ။ နွား တွေက အရိုးအံ့ပေါ် အရေပြား တင်ထားသည့် အတိုင်း။ ယခုတော့ မိုးသက်လေကို အရိပ်အယောင်လေး မြင်လာရပြီ။ ပျံလွှားတစ်သိုက် ပတ်ချာလည်ဝဲ လှည့်နေရာမှ ရိပ်ခနဲ ထိုးဆင်းလာပြီး ဘာမှမကြာ မိုးစက် တစ်ပေါက် အသားပေါ် ပေါက်ခနဲကျသည်။

"မိုးရွာပြီဟေ့" ဟု မောင်လေးက သံညောင်လေးနှင့် ဟစ်သည်။ ထက်ဝ ဋ္ဌာသည် မျက်နှာအိုကာ အလိုမကျ။ မိုးပေါက်လေးတွေ တပြိုက်ပြိုက် ကျ လာ၍ မောင်နှမနှစ်ယောက် အိမ်ဘက် ပြန်လျှောက်လာစဉ် ရွာလမ်း အတိုင်း လူတစ်အုပ် ပြေးထွက်သွားကြသည်ကို အေးသီတာတို့ ခပ် လှမ်းလှမ်းမှနေ၍ တွေ့လိုက်ရသည်။

"ဟင်၊ အမေပါလား။ အောင်ရစ်၊ နင် အမေ့ကို တွေ့လိုက်လား"

မောင်လေး ခေါင်းယမ်းပြသည်။ လူအုပ်နောက်မှ တလှုပ်လှုပ် လိုက်လာ သော အဘွားကို အေးသီတာ တွေ့လိုက်ပြီး အဘွားထံ အေးသီတာ ပြေးသည်။ ထိုစဉ်မှာပင် မိုးက မကြဲစဖူး အုံးခနဲနေအောင် ဖြဲလရမ်းကြီးကို ရွာတော့သည်။ အညာတွင် မိုးသည်းထန်သည် ဆိုသည်မှာ ရှားပါးပါဘိ

ခြင်း။ အညာမိုးဟူသည် ကြွေးဆပ်သလို တို့တိတို့တိသာ ရွာတတ်မြဲ။ အဘွားက အေးသီတာတို့ မောင်နှမကို အိမ်ဘက်ပြန်ခေါ်လာသည်။

အဘွားကို ကြည့်ရသည်မှာ ထိတ်ထိတ်ပျာပျာနှင့် ကယောင်ချောက်ချား။ အမေ့ကို တွေ့လိုက်ကြောင်း အေးသီတာ ပြောပြသော် အဘွားသည် အေးသီတာ စကားကို မကြားသလို ဆွံ့အနေသည်။ အေးသီတာအား အိမ်တွင်နေခဲ့ဟု ပြောပြီး မိုးရေကြီးထဲ ခမောက်လေးဆောင်းပြီး အဘွား တုန်ချည့်တုန်ချည့် ထွက်သွားသည်။ မိုးတွေ သဲသဲမဲမဲရွာခဲ့သော ထိုတစ်နေ့။

ညဥ့်နက်မှ ရွာသားတစ်အုပ်သည် အမေ့ကိုချီပွေ့ပြီး အိမ်ပြန်ခေါ်လာခဲ့သည်။

***

ဖောင်တစ်စီးကို နှောင်တည်းထားသော ကြိုးသည် မိုးကြီးလေထန်တွင် ပြတ်တောက်သွားခဲ့သည်။ ထိုအချိန်မှစပြီး ဖောင်သည် မြားတစ်စင်းပမာ အဟုန်ပြင်းသော ချောင်းရေစီးထဲ ဖရိုဖရဲ အလဲလဲအကွဲကွဲ။

***